ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 29 January 2025 ၁၁၇၁၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံရှိ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သော မိကျောင်းမျိုးစိတ်များ သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် ထိန်းသိမ်းမွေးမြူထား

နေပြည်တော် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် တည်ရှိသည့် မိကျောင်းမွေးမြူရေးစခန်းသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ကာကွယ်ရန်အတွက် အရေးပါသည့် တိရစ္ဆာန်ထိန်းသိမ်းရေးစခန်းတစ်ခုဖြစ်သည်။ ထိုစခန်းတွင် မိကျောင်းမျိုးစိတ်ပေါင်းများစွာကို ထိန်းသိမ်းထားရှိပြီး အများစုမှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သော မိကျောင်းမျိုးစိတ်များကို ထိန်းသိမ်းမွေးမြူထားရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ★



သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် မွေးမြူထားသည့် မိကျောင်းများကို တွေ့ရစဉ်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၈

| | | |
|---|---|---|
| ဟားခါး | ၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၇ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ ဖတ်စရာ

ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အမယ်သစ် ထုတ်ကုန်များဖော်ထုတ်ပြီး ဈေးကွက်ရှာဖွေ တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လို
စာမျက်နှာ » ၃

ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် မမှန်မကန် ဆောင်ရွက်မှုများရှိကြောင်းတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားရန်လိုအပ်
စာမျက်နှာ » ၄

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၅

ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တည်ဆောက်ကြပါစို့
ဆောင်းပါး စာမျက်နှာ » ၆

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်
စာမျက်နှာ » ၁၀



တပ်မတော်တွင် အဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု(ပထမနေ့)လုပ်ငန်း ဆောင်ရွက်
စာမျက်နှာ » ၁၂

# နိုင်ငံတော်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာသက်ဝင်စေခဲ့သည်။

နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စစ်ပညာသင်ကြားရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ မြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်း၍ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ရွေးချယ်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ စနစ်တကျရွေးချယ်ခဲ့သည့် မြို့နယ်၊ ရပ်ကွက်အလိုက် အကျုံးဝင်သည့် ပြည်သူ့စစ်မှုထမ်း သားကောင်းရတနာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လေ့ကျင့်ရေးသင်တန်းကျောင်းများတွင် အပတ်စဉ်(၁) မှ အပတ်စဉ်(၉) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူများ သိရှိနားလည်နိုင်စေရန် စစ်မှုထမ်းဥပဒေဆိုင်ရာ အချက်အလက်များကို ရုပ်မြင်သံကြားများနှင့် သတင်းစာများတွင် မကြာခဏ အသိပေးထုတ်ပြန်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်သည့် အသက် ၁၈ နှစ်မှ အသက် ၃၅ နှစ်အထိ အမျိုးသားများကိုသာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆင့်ခေါ်လျက်ရှိသည်။ ထိုသို့ဆင့်ခေါ်ရာတွင်လည်း ရပ်ကွက်၊ ကျေးရွာ အခြေအနေများအရ အပတ်စဉ်အလိုက် လိုအပ်သည့်အရေအတွက်ကို သင့်လျော်သင့်မြတ်စွာ ဆောင်ရွက်လျက်ရှိပြီး ဦးစားပေးအနေဖြင့် ကာယကံရှင်များ၏ဆန္ဒနှင့် လိုအပ်မှုအနေအထားအချိုးကျအရ စနစ်တကျ ဆောင်ရွက်နေကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ လက်ရှိပကတိအနေအထားအရ ပြည်သူများအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိမှုနှင့် နိုင်ငံသားတိုင်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်တို့နှင့်ပတ်သက်ပြီး အသိအမြင်ဗဟုသုတ အားနည်းနေသည်ကို တွေ့ရသည်။ အသိအမြင်ဗဟုသုတနည်းပါးသူများ၊ နိုင်ငံတော်၏ ပကတိအနေအထားကို အမြင်မရှင်းကြသူများ၊ မသမာသူများ၊ တာဝန်နှင့်ဝတ္တရားကို အလွဲသုံးစားပြုလုပ်သူများကြောင့် ပြည်သူများကြားတွင် စိုးရိမ်ပူပန်မှုများ မြင့်တက်နေသည်ကို တွေ့ရသည်။ နိုင်ငံအများစုတွင် မိမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းထားပြီး ဥပဒေနှင့်အကျုံးဝင်သူ ပြည်သူများ အလှည့်ကျတာဝန်ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က အာဏာသက်ဝင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ-၂၂ တွင် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည့်သူများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများကို ပြဋ္ဌာန်းထားသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခံရသူများအနက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ၊ တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများကို ပြဋ္ဌာန်းထားသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် သတ်မှတ်ကာလအတွင်း ကျေပွန်စွာထမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာများအဖြစ် ဂုဏ်ယူစွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဆောင်ရေးနှင့်ပတ်သက်၍ မြို့နယ်ရပ်ကွက်များတွင် စာရင်းကောက်ယူခြင်း၊ ဆင့်ခေါ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အချို့ဒေသများ၌ ဥပဒေနှင့်မညီသည့် ဆောင်ရွက်မှုများရှိသည်ဟု ကြားသိရသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို အလွဲသုံးစားပြုလုပ်မှုများကြောင့် နိုင်ငံတော်၏ရည်ရွယ်ချက်ကို ထိခိုက်စေသည်။ မကြာသေးမီရက်ပိုင်းက ပြည်သူ့စစ်မှုထမ်းဥပဒေကို အလွဲသုံးစားပြုလုပ်၍ ငွေကြေးရယူ ဆောင်ရွက်ခဲ့ကြသူများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြည်သူ့စစ်မှုထမ်းများအား ဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များအတိုင်းသာ ဆင့်ခေါ်နိုင်ရန်နှင့် ငွေကြေးတောင်းခံခြင်း၊ လူစားထိုးလဲလှယ်ခြင်းများမဖြစ်ပေါ်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ဥပဒေနှင့်ညီညွတ်မှုမရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်သတင်းပို့ပူးပေါင်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြူစင်ဖြောင့်မတ်သော အမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန် ဟော်မုန်းဇေဒဆေးကုဌာနမှ ပါမောက္ခ/ဌာနမှူးပါမောက္ခ ဒေါက်တာမိုးဝင့်အောင် ကို ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မြန်မာ့ရပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားကျင်းပမည့်နေရာ ကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေအား A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင်(၂)ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည် စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကိုဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်) ၀၆၇-၃၄၁၂၀၄၃၊ iprd.crd.npt @gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ၃၁-၁-၂၀၂၅ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၇,၇၀၀ | ၁,၁၀၃ | ၈,၅၃၂,၄၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၁,၉၉၁ | ၅,၉၇၅,၁၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၃၄ | ၂၈၉,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၄,၅၀၈ | ၈,၁၁၄,၈၀၀ |
| TMH | ၃,၁၀၀ | ၃,၂၀၀ | ၁၂၁ | ၃၈၅,၂၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၂,၈၃၂ | ၄,၅၃၁,၂၀၀ |
| AMATA | ၄,၀၀၀ | ၄,၁၀၀ | ၁,၀၁၀ | ၄,၀၄၁,၀၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၂၀၀ | ၆၅၀,၀၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၁၀၀ | ၃၀၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ္ဘဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ အစည်းအဝေးကျင်းပ

## ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အမယ်သစ်ထုတ်ကုန်များဖော်ထုတ်ပြီး ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေး ဆောင်ရွက်ရန်လို



**နေပြည်တော် ဇန်နဝါရီ ၂၈**

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကောင်စီအတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပြင်ပကျွမ်းကျင်ပညာရှင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀-၂၀၂၅ အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်ရန်၊ အစိုးရ- ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ ပို့ကုန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစီရင်ခံတင်ပြမှုများအပေါ် လေ့လာသုံးသပ်ပြီး မူဝါဒဆိုင်ရာလမ်းညွှန်မှုပေးရန်နှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိန်းကျောင်းလမ်းညွှန်မှု ပြုပေးရန်အတွက် "အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ" ကို ဖွဲ့စည်းထားပြီး ကောင်စီ၏ အစည်းအဝေးများကို ယခုကဲ့သို့ ကျင်းပနေခြင်းဖြစ်ကြောင်း။

အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တရားမဝင် လမ်းကြောင်းများမှ ကုန်သွယ်မှုမပြုနိုင်ရေး တားဆီးဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမယ်သစ် ထုတ်ကုန်များကို ဖော်ထုတ်ပြီး ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေးဆောင်ရွက်ရန်လည်း လိုကြောင်း၊ ကုန်သွယ်မှုဆိုရာတွင် ပို့ကုန်နှင့် သွင်းကုန်လုပ်ငန်းနှစ်ရပ်လုံး ပါဝင်ကြောင်း၊ နိုင်ငံ၏ ကုန်သွယ်မှုပမာဏ တိုးတက်ရန်အတွက် ပို့ကုန်ကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းများကို အထောက်အကူ ဖြစ်စေသည့် သွင်းအားစုများ တင်သွင်းခြင်းဖြင့် ကုန်သွယ်မှုအားမျှခြေ ဖြစ်ရန်လည်း လိုအပ်ကြောင်း။

**တွန်းအားပေးဆောင်ရွက်**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏ လျာထားချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များက ပူးပေါင်းပြီး တွန်းအားပေးဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ယနေ့အစည်းအဝေးမှ ဆွေးနွေးရရှိမှုများအပေါ် ကဏ္ဍများအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကို ရှေးရှုပြီး လိုအပ်သည့် လမ်းညွှန်မှုများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များကလည်း မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ပံ့ပိုးပူးပေါင်း ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကောင်စီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ ပံ့ပိုးဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



# သရက်မြို့၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**သရက် ဇန်နဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သရက်ခရိုင်သစ်တောဦးစီးဌာနက ကျင်းပသည့် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အထက(ခွဲ) အလက(၃) ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သစ်တောဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းညွှန့်တင်က မီးခိုးမြူငွေ့လျှော့ချရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မြို့နယ်ဦးစီးအရာရှိ ဦးဟန်မင်းထွန်းက ရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

**ဆွေးနွေး**

ထို့နောက် တောအုပ်ကြီး ဦးပွားအောင်က သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် မမှန်မကန်ဆောင်ရွက်မှုများရှိကြောင်းတွေ့ရှိပါက ထိရောက်စွာအရေးယူသွားရန် လိုအပ်



**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုအကြား သတင်းမှန်၊ သတင်းမှား မြောက်မြားစွာ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့်မှစ၍ မြို့နယ်၊ ခရိုင်စသည့် အဆင့်ဆင့်၏ အားနည်းချက်များကို မီဒီယာများသာမက ပုဂ္ဂလိက တစ်ဦးချင်းကပါ ထောက်ပြပြောဆိုမှုများရှိကြောင်း၊ အများစုသည် သတင်းမှန်အနည်းငယ်ကို အခြေခံပြီး ပြည်သူလူထုအထင်အမြင်မှားစေရန်၊ စစ်မှုထမ်း ဆင့်ခေါ်မှုပုံရိပ် ထိခိုက်ကျဆင်းစေရန် ပုံကြီးချဲ့ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ တာဝန်ရှိသူများ အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် မမှန်မကန်ဆောင်ရွက်မှုများရှိကြောင်း တွေ့ရှိပါက ထိရောက်စွာ အရေးယူသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မတရားပြုလုပ်ကြောင်း မှန်ကန်သည့်အတွက် ထိရောက်စွာအရေးယူသွားရန်၊ အရေးယူပြီး၊ အရေးယူဆဲအမှုများလည်း ရှိနေကြောင်း၊ အလားတူ ပြည်သူ့စစ်မှုထမ်းရန်ကိစ္စနှင့်ပတ်သက်၍ မှန်ကန်မှုမရှိဘဲ လုပ်ကြံပြောဆိုဝါဒဖြန့်ခြင်း၊ မမှန်မကန် တိုင်ကြားခြင်းများရှိပါက တိကျစွာဖော်ထုတ်၍ အရေးယူသွားရန် လိုအပ်မည်ဖြစ်ကြောင်း။

ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဖွဲ့များ အနေဖြင့် ပြည်သူနှင့်ဆက်ဆံရေး ကောင်းမွန်စေရန်၊ ငွေကြေးဆိုင်ရာ မသမာမှုများမရှိစေရန်၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်မှုရှိစေရန်တို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဗဟိုအဖွဲ့ အနေဖြင့် ပြည်သူများ တင်ပြလာသည့် ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့်များနှင့်စပ်လျဉ်း၍ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး ဥပဒေအရ သတ်မှတ်ထားသော အသက်ကန့်သတ်ချက်အတွင်း ရှိသူများ သတ်မှတ်ကာလအလိုက် အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားရန်လိုမည် ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ အနေဖြင့် စာရင်းဇယား မှန်ကန်ရန်နှင့် ရေရှည်တွင် မှတ်တမ်းထည့်သွင်းမှု လွယ်ကူစေရန်အတွက် ပြည်သူ့စစ်မှုထမ်း ကိုယ်ရေးအချက်အလက်စီမံခန့်ခွဲမှုစနစ် (National Service Information Management System–NSIMS) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အစည်းအဝေး တက်ရောက်လာသူများ အနေဖြင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးနှင့် စပ်လျဉ်း၍ တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များအပေါ် အကြံပြု ဆွေးနွေး ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဒေသအလိုက် ပြည်သူ့စစ်မှုထမ်းများစုဆောင်းရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အတိုင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး လုပ်ငန်းစဉ်များကို မြေပြင်တွင် အမှန်တကယ် ဆောင်ရွက်နေသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် တာဝန်ရှိသူများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဥပဒေပါ သတ်မှတ်အကျုံးဝင်သည့် အရေအတွက်ကို စနစ်တကျ မှန်ကန်အောင် ကြိုတင်ပြုစုထားပြီး သက်ဆိုင်သူများ သိရှိရေး ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ သို့မှသာ အမှန်တကယ် စုဆောင်းသည့်အခါတွင် မသမာမှုများမပြုလုပ်နိုင်ဘဲ အများက လက်ခံ ယုံကြည်နိုင်သည့် အနေအထားတစ်ရပ်ကို ရရှိမည် ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ခြင်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည့်အတွက် စီမံခန့်ခွဲမှု ကောင်းကောင်းဖြင့် စည်းကမ်း စနစ်တကျ လုပ်ဆောင်ရမည့်ကိစ္စ ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း တစ်ဦးအဖြစ် ကိုယ်တိုင်က နိုင်ငံသားကောင်းပီသစွာ တာဝန်ထမ်းဆောင်နိုင်ရေး ကြိုးစား လုပ်ဆောင်သွားရန် လိုအပ်မည် ဖြစ်ကြောင်း၊ အတင်းအဓမ္မဖိအားပေး စုဆောင်းခြင်းမျိုး မဖြစ်စေဘဲ ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ စနစ်တကျ ကြိုးစားစုဆောင်း ကြစေရေး အလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

★ **ရှေ့ဖုံးမှ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် မွေးမြူထားသည့် မိကျောင်းများနှင့် မိကျောင်းသားပေါက်များကို ကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဝန်ကြီးသည် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မျိုးသုဉ်းပျောက်ကွယ်တော့မည့် ရေငန်မိကျောင်းများ မျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကို အများပြည်သူများ စိတ်ပါဝင်စားပြီး ပူးပေါင်းဆောင်ရွက်လာစေရေး အသိပညာဗဟုသုတဖြန့်ဝေခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်စီမံဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆုံးရှုံးနိုင်ခြေရှိသည်များကို ကြိုတင်တွက်ဆ၍ အစီအမံများကြိုတင်စီမံဆောင်ရွက်ရန်၊ မိကျောင်းကောင်ရေ တိုးပွားရေးနှင့် စီးပွားဖြစ်ရောင်းချနိုင်ရေး၊ မျိုးရိုးစဉ်ဆက်မှတ်တမ်းထားရှိ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရေအရည်အသွေးစစ်ဆေးရေးနှင့် ရေချိုသုတေသနဌာနစု၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ငါး၊ ပုစွန်သားလောင်းငယ်များအတွက် အဓိကအရေးပါသည့် အခြေခံအစာဖြစ်သော သက်ရှိအစာမျိုးထိန်းမွေးမြူခြင်း ဓာတ်ခွဲခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြောင်းလဲလျက်ရှိသည့် မြစ်ရေ၊ ချောင်းရေများ၏ ရေအရည်အသွေး ပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးရန်၊ ငါး၊ ပုစွန်သားလောင်းငယ်များ အတွက် အဓိကအရေးပါသော အခြေခံအစာ ဖြစ်သည့် သက်ရှိအစာမျိုးထိန်းမွေးမြူခြင်း အပြင် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သာကေတစက်မှုဇုန်ရှိ မြန်မာရွှေဇာမဏီ စက်မှုကုမ္ပဏီလီမိတက်သို့ ရောက်ရှိပြီး ပြည်ပပို့ကုန် ငါးအေးခဲပြုပြင်ထုပ်ပိုးမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ပို့ကုန်များအား နိုင်ငံတကာသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေးနှင့် ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေးဆိုင်ရာများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ အဏုစိပ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများ ဌာနစိတ်သို့ရောက်ရှိပြီး နိုင်ငံတကာတရားဝင်အသိအမှတ်ပြု ဓာတ်ခွဲခန်းထောက်ခံချက် (ISO/IEC 17025:2017) လက်မှတ်ဆင့်မအကြိမ်ရရှိထားသည့် ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုး စစ်ဆေးရေးဓာတ်ခွဲခန်းလုပ်ငန်းများ၊ စစ်ဆေးရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့မွေးမြူရေး ရေထွက်ကုန်များအတွက် ဓာတုဓာတ်ကြွင်းများ စောင့်ကြည့်စစ်ဆေးမှု အမျိုးသားအဆင့်စီမံချက် (National Residue Monitoring Plan–NRMP)နှင့် အညီ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌအလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားအဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အလုပ်ရှင်အဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများကဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများ၊ အခက်အခဲများ၊ အားနည်းချက်များရှိသော်လည်း ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ စီမံချက်ပါအညွှန်းကိန်းများ ရရှိအောင် ရေရှည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းကော်မတီ(၈)ရပ် အနေဖြင့် လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈ ခုနှစ်)ပါ အညွှန်းကိန်းများရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ကလေးအလုပ်သမား အများစုသည် ဆင်းရဲနွမ်းပါးမှု၊ ပညာသင်ယူခွင့်အားနည်းမှုနှင့် မိသားစု စားဝတ်နေရေးအတွက် ဝင်ငွေရအလုပ်အကိုင်များကို မဖြစ်မနေ လုပ်ကိုင်ရန်ဖိအားများ ကြုံတွေ့နေရသဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို အရှိန်အဟုန်မပျက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် အမျိုးသားကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးကို အထိရောက်ဆုံး အောင်မြင်အောင် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အားနည်းချက်၊ အားသာချက်များကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြသွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဆဋ္ဌမအကြိမ် အမျိုးသားကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းကော်မတီ(၈)ရပ်၏ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယငါးနှစ် လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူးက သတ္တမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများရှင်းလင်းမှာကြား



**နေပြည်တော် ဇန်နဝါရီ ၂၈**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ပဲခူးခရိုင်နှင့် မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်ပြီးစီးမှုနှင့် ယင်းအချက်အလက်များကို မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် အချက်အလက်များနှင့် နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်နိုင်မှု၊ မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပဲခူးတိုင်းဒေသကြီးအနေဖြင့် အောက်တိုဘာ ၃၁ ရက်အထိ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား သုံးသောင်းကျော်ထုတ်ပေးရန် လျာထားမှုနှင့် လျာထားချက်ပြီးစီးအောင်မြင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်က ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး၊ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်အဖြစ်ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့သည့် လူဦးရေစာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက် ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က စိစစ်ပြင်ဆင်အတည်ပြုဆောင်ရွက်နေမှုနှင့် ပန်းခင်းစီမံချက်အဆင့်(၃) လျာထားချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများအောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပဲခူးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အဆိုပါကျောင်းရှိ အသက်ပြည့်မီသည့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် လုပ်ငန်းစဉ်အဆင့်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနေမှုနှင့် နိုင်ငံသားကတ်ပြားရရှိပြီးသည့် ကျောင်းသား ကျောင်းသူများကို e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို One Stop Service ဖြင့် တစ်ပါတည်းဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယနေ့တွင် ကျောင်းသား ကျောင်းသူ ၂၅၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးပြီး Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မုဒုံမြို့၌ အခြေခံအိတ်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**မုဒုံ ဇန်နဝါရီ ၂၈**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုဒုံမြို့)တွင် အခြေခံအိတ်ချုပ်နည်းပညာ သင်တန်းဆင်းပွဲကို ယမန်နေ့က သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်သန်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိက သင်တန်းထူးချွန်ဆုချီးမြှင့်၍ ကျောင်းအုပ်ဆရာမကြီးက သင်တန်းသူများ၏ သင်တန်းထုတ်ကုန်ပစ္စည်းများကို ပေးအပ်သည်။ အဆိုပါသင်တန်းကို နည်းပြနှစ်ဦးက သင်တန်းသူ ၂၀ အား အိတ်ချုပ်နည်းခြောက်မျိုးကို ၁၅ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တည်ဆောက်ကြပါစို့

ကိုရေချမ်း

ယနေ့ကာလသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် အရေးကြီးသည့် အခြေခံအုတ်မြစ်ကို စိုက်ထူနိုင်သည့်ကာလဖြစ်သည်။ အဆိုပါ အခြေခံအုတ်မြစ်ကို အလွယ်တကူ စိုက်ထူနိုင်ခဲ့ခြင်းမဟုတ်ပေ။ နယ်ချဲ့ဗြိတိသျှအစိုးရ၏ ပရိယာယ်အမျိုးမျိုး၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်အချို့နှင့် နိုင်ငံရေးခေါင်းဆောင်အချို့၏ နှောင့်ယှက်မှုများကြားမှ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ၏ မနေမနားကြိုးပမ်းအားထုတ်မှုများနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများနှင့် လူထုလူတန်းစားအားလုံးတို့၏ တစ်သွေးတည်း တစ်သားတည်း စုစည်းညီညွတ်မှုဖြင့် အခိုင်အမာစိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။

### သမိုင်းဝင်ပင်လုံစာချုပ်

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သမိုင်းတွင်ရစ်မည့် အောင်ဆန်း-အက်တလီစာချုပ်ဟု အမည်တွင်သောစာချုပ်တွင် သဘောတူညီချက် ၁၂ ချက်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှအစိုးရနှင့် မြန်မာခေါင်းဆောင်များ လက်မှတ်ရေးထိုးပြီး မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် ဗြိတိသျှအစိုးရက သဘောတူညီခဲ့သည်။ သို့သော် အောင်ဆန်း-အက်တလီစာချုပ်ပါ ကောက်နုတ်ချက်များကို လေ့လာကြည့်လျှင် တောင်တန်းဒေသများကိုမူ တောင်တန်းဒေသခေါင်းဆောင်များကိုယ်တိုင်က ပြည်မနှင့်အတူ လွတ်လပ်ရေးယူလိုပါသည်ဟု အခိုင်အမာစာချုပ်တွင် လက်မှတ်ရေးထိုးမှသာလျှင် ဗြိတိသျှအစိုးရအနေဖြင့် ပြည်နယ်နှင့်ပြည်မ ပေါင်းစည်းပါဝင်သော ပုံသဏ္ဌာန်ဖြင့် လွတ်လပ်ရေးပေးမည်ဟု ဆိုလိုထားသည်။ နယ်ချဲ့တို့၏ပရိယာယ်နှင့် အတွင်းအကြံကို သိမြင်နိုင်သည်။

နယ်ချဲ့တို့ကို တော်လှန်စဉ်အချိန်က စည်းလုံးညီညွတ်ခဲ့ကြသော်လည်း လွတ်လပ်ရေးကို ရယူမည့်အချိန်တွင် ခေါင်းဆောင်များ၏ ခံယူချက်အမျိုးမျိုးကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ် မချုပ်ဆိုမီနှင့် ချုပ်ဆိုအပြီးတွင် နိုင်ငံရေးခေါင်းဆောင်များက အပြင်းအထန်ကန့်ကွက်ကြပြီး ပဒေသရာဇ်စော်ဘွားများက ၎င်းတို့နယ်တွင် ခွဲထွက်ရန် စည်းရုံးလှုပ်ရှားကြသည်။ ထိုသို့အခက်အခဲအနှောင့်အယှက်အမျိုးမျိုးကြားမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသမှ တိုင်းရင်းသားကိုယ်စားလှယ် ၂၂ ဦးတို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မြန်မာနိုင်ငံနှင့် တောင်တန်းဒေသများ ပူးပေါင်းရေးအချက် ၉ ချက်ပါဝင်သည့် သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည်။

### သောင်းကျန်းမှုများ

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းတွင် နိုင်ငံရေးအရ ခက်ခဲကြမ်းတမ်းဆုံးအချိန်မှာ အောင်ဆန်း-အက်တလီစာချုပ်နှင့် ပင်လုံစာချုပ်ချုပ်ဆိုမည့် ကာလများအတွင်း ဖြစ်သည်ဟု ဆိုရမည်။ ထိုကာလတွင် နိုင်ငံရေးခေါင်းဆောင်များ၏ အပြင်းအထန်ကန့်ကွက်မှုများ၊ ပဒေသရာဇ်စော်ဘွားများ၏ နယ်ချဲ့လက်အောက်နေလိုမှုများ၊ နယ်ချဲ့ကိုယ်စားလှယ်တို့၏ ပရိယာယ်အမျိုးမျိုးပြုလုပ်မှုများမှာ သပွတ်အူလို ရှုပ်ထွေးပွေလီနေသည်။ ဇာစ်မြစ်မှာ ဗြိတိသျှနယ်ချဲ့အစိုးရ၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် တစ်ပြည်ထောင်ဖွား တိုင်းရင်းသား ညီအစ်ကိုများအချင်းချင်း စိတ်ဝမ်းကွဲကြသည်။ ရန်လိုမုန်းထား၊ အာဃာတများဖြစ်လာကြသည်။ သို့သော် ပြည်ထောင်စုသားအားလုံးတွင် မဖြစ်ပေါ်ဘဲ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တို့တွင် ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံကို ချစ်မြတ်နိုးကြသည့်၊ မြန်မာလူမျိုးကို တန်ဖိုးထားကြသည့် မြန်မာလူမျိုးများအားလုံး၏ တစ်သံတည်းသော တောင်းဆိုချက်မှာ မြန်မာတစ်ပြည်လုံး လုံးဝလွတ်လပ်ရေးပင်ဖြစ်သည်။ ဂျပန်ခေတ်က လွတ်လပ်ရေးအတုကို ရရှိခဲ့ရာ လွတ်လပ်ရေးအတွက် မြန်မာလူမျိုးအားလုံးတို့သည် စစ်ဘေးစစ်ဒဏ်ကိုပင် ဂရုမစိုက်တော့ဘဲ ဖက်ဆစ်တို့ကို တွန်းလှန်ခဲ့ကြသည်။ အင်္ဂလိပ်တို့ ပြန်ဝင်လာသောအခါ မြန်မာများက လွတ်လပ်ရေးကို မျှော်လင့်ခဲ့ရာ လွတ်လပ်ရေးမပေးဘဲ ဖိနှိပ်အုပ်ချုပ်မှုများသာ ပေးခဲ့သည်။ မြန်မာနိုင်ငံ၌ လွတ်လပ်ရေးအတွက် ကြိုးပမ်းရန်းကန်နေချိန်တွင် နိုင်ငံရေး၊ ဝါဒရေး၊ ဂိုဏ်းဂဏရေး၊ လူမျိုးရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ဆူပူသောင်းကျန်းမှုများဖြစ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း သဘောထားများ ဆက်လက်ကွဲပြားကြပြီး လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့သည်။

> **ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုမှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်၊ ၈၀ နီးပါး ရှိလာပြီဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည်မှာ ငြင်းမရသည့်အချက်ဖြစ်သည်။ နိုင်ငံလွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်မှုမှာ အဓိကကျသည့်အချက်ဖြစ်သည်။ စည်းလုံးညီညွတ်မှုကို သံမဏိကဲ့သို့၊ ကျောက်ဆိုင်ကျောက်သားကဲ့သို့ အခိုင်အမာတည်ဆောက်ထားရမည်။ စည်းလုံးညီညွတ်သောတိုင်းပြည်သည် အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရမည်။ စည်းလုံးညီညွတ်မှုပျက်ပြားသောတိုင်းပြည်တွင် ပဋိပက္ခများ၊ မတည်ငြိမ်မှုများ၊ ဖွံ့ဖြိုးမှုနောက်ကျခြင်းများနှင့် ကြုံတွေ့နေသည်ကို တွေ့မြင်နိုင်**

### ကာကွယ်တားဆီး

ပြည်တွင်း လက်နက်ကိုင်သောင်းကျန်းမှုမှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်၊ ၈၀ နီးပါး ရှိလာပြီဖြစ်သည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည်မှာ ငြင်းမရသည့်အချက်ဖြစ်သည်။ နိုင်ငံလွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်မှုမှာ အဓိကကျသည့်အချက်ဖြစ်သည်။ စည်းလုံးညီညွတ်မှုကို သံမဏိကဲ့သို့၊ ကျောက်ဆိုင်ကျောက်သားကဲ့သို့ အခိုင်အမာတည်ဆောက်ထားရမည်။ စည်းလုံးညီညွတ်သောတိုင်းပြည်သည် အေးချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရမည်။ စည်းလုံးညီညွတ်မှု ပျက်ပြားသောတိုင်းပြည်တွင် ပဋိပက္ခများ၊ မတည်ငြိမ်မှုများ၊ ဖွံ့ဖြိုးမှုနောက်ကျခြင်းများနှင့် ကြုံတွေ့နေသည်ကို တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ၊ ပဋိပက္ခအဖြစ်ပွားဆုံးနိုင်ငံဟု သတ်မှတ်ကြသည်မှာ ဂုဏ်ယူစရာမဟုတ်၊ ရှက်စရာဖြစ်သည်။

ပြီးခဲ့သည့်နှစ်များတွင် နိုင်ငံနှင့် နိုင်ငံသားများကောင်းကျိုးကို မလိုလားသည့် လက်နက်ကိုင်သောင်းကျန်းသူများက မြို့ရွာများ လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးကို အဓိကပစ်မှတ်ထားပြီး နှောင့်ယှက်ဖျက်ဆီးခဲ့ကြသည်။ မိမိတို့နေထိုင်ရာ မိမိတို့ဒေသနှင့် မိမိလူမျိုးကို ထိခိုက်ပျက်စီးစေသည့် အသိဉာဏ်ဆင်ခြင်တုံတရားမဲ့သော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။ လူမျိုးရေး၊ တန်းတူညီမျှရေး၊ ဒီမိုကရေစီရေးဟူသည့် ကောင်းမွန်မြင့်မြတ်သည့် အကြောင်းတရားများကို အကြမ်းဖက်လုပ်ရပ်များဖြင့် တလွဲအသုံးချပြီး မိမိလူမျိုး၊ မိမိဒေသကို အောက်ကျနောက်ကျဖြစ်ပြီး ပျက်စီးအောင် ဖျက်ဆီးနေခြင်းဖြစ်သည်။ အဆိုပါအကြမ်းဖက်လုပ်ရပ်များကို စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးကြရန်၊ ရပ်တန့်အောင်ပြုလုပ်ကြရန်လိုသည်။

### အလေးအနက်ဂုဏ်ပြု

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်သောအားမာန်များဖြင့် အမျိုးသားလှုပ်ရှားမှုများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ တိုင်းပြည်ကိုလည်း အတိုင်းအတာတစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက်၊ နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုမပြိုကွဲစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစနစ်ခိုင်မြဲစေရေးအတွက် စွန့်လွှတ်စွန့်စား ကြိုးပမ်းဆောင်ရွက်နေသူများ ရှိနေသောကြောင့်ဖြစ်သည်။ နိုင်ငံတော်အတွက် အသက်ခန္ဓာ စွန့်လွှတ်ခဲ့ကြသည့် သူရဲကောင်းတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသူ နိုင်ငံသားများကို အလေးအနက်ဂုဏ်ပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်မှု၊ နိုင်ငံချစ်စိတ်နှင့် အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားမှုအပေါ်တွင် အဓိကမူတည်သည်ဟုဆိုချင်သည်။ မြန်မာနိုင်ငံတွင် ယနေ့ဖြစ်ပေါ်နေသောအခြေအနေမှာ ပညာတတ်သော်လည်း အသိဉာဏ်ဆင်ခြင်တုံတရား ခေါင်းပါးခြင်း၊ အသိဉာဏ်ဆင်ခြင်တုံတရားရှိသော်လည်း ပညာမတတ်ခြင်း၊ ပညာလည်းမတတ်၊ အသိဉာဏ်ဆင်ခြင်တုံတရားလည်း နည်းပါးခြင်းကြောင့် မနှစ်မြို့ဖွယ်ရာအခြေအနေများ၊ စိတ်မချမ်းမြေ့ဖွယ်အခြေအနေများဖြစ်ကြသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံချစ်စိတ်နှင့် အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားလာသည်နှင့်အမျှ စည်းလုံးညီညွတ်မှုခိုင်မာပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ယင်းတို့အတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည်။

### အသိဉာဏ်မြင့်မား

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ဘက်စုံပညာရေးကို အကောင်အထည်ဖော်လျက်ရှိပြီး ဗလငါးတန်နှင့် ပြည့်စုံသော မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို သတင်းတု၊ သတင်းယောင်များ၊ အမုန်းစကားများ၊ ကျင့်ဝတ်သိက္ခာမဲ့သော သတင်းအချက်အလက်များဖြင့် ဟန့်တားနှောင့်ယှက်လျက်ရှိသည်။ ယင်းတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်စီးစေနိုင်သည်။ မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်ကိုလည်း အနှောင့်အယှက်ဖြစ်စေနိုင်သည်။ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးကို အဘက်ဘက်၌ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့တွင် အသိဉာဏ်မြင့်မားသည့် ပညာအရင်းအမြစ်များ လိုအပ်သည်။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသည့် မဏ္ဍိုင်တစ်ခုဖြစ်သည်။ နမူနာအားဖြင့် ဂျပန်နိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် **“ကျန်းမာရေး အမျိုးသားရေးဝါဒ (Healthy Nationalism)”၊ “နိုင်ငံကို ချစ်မြတ်နိုးမှု (Love for one’s country)နှင့် ဘိုးဘေးဘီဘင်များကို လေးစားမှု (Respect for one’s ancestors)”** စသည့် သင်ရိုးညွှန်းတမ်းများပါဝင်သည်ကို လေ့လာတွေ့ရှိရသည်။ ရပ်ရွာနှင့် မိသားစုပါဝင်ပတ်သက်မှုကို အလေးပေးသည့် လူထုဝန်ဆောင်မှု၊ မိမိကိုယ်ကို ဆုံးမပဲ့ပြင်မှု၊ ကိုယ်ကျင့်တရားနှင့် ရပ်ရွာနိုင်ငံအပေါ် ချစ်ခင်တွယ်တာမှု စသည့်ဘာသာရပ်များ လေ့ကျင့်သင်ကြားပေးသည်ကို တွေ့ရသည်။ ထူးခြားချက်မှာ နိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ဘိုးဘေးဘီဘင်များကို လေးစားစိတ်၊ စုပေါင်းလုပ်ဆောင်တတ်သည့်စိတ်နှင့် မိမိကိုယ်ကို အားကိုးတတ်သည့် စိတ်များရှိလာအောင် ကျောင်းများတွင်သာမက ရပ်ရွာမိသားစုကိုပါ လေ့ကျင့်ပေးသည်။

### နိုင်ငံချစ်စိတ်တိုးပွား

မြန်မာနိုင်ငံတွင်လည်း ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် အဆိုပါအချက်များလည်း ပါဝင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်များကို ပျိုးထောင်လျက်ရှိသည်။ ဘိုးဘေးဘီဘင်များကို တန်ဖိုးထားလေးစားခြင်းသည် နိုင်ငံကို ချစ်မြတ်နိုးခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ဘိုးဘေးဘီဘင်များသည် စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးကို တည်ဆောက်ခဲ့ကြသည်။ အင်အားတောင့်တင်းခိုင်မာသော နိုင်ငံတော်ကြီးကို ဖန်တီးခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ☆

# မြန်မာနိုင်ငံ ဆေးကောင်စီ တတိယ လေးနှစ်သက်တမ်းကာလ ပထမအကြိမ် ဗဟိုကောင်စီအစည်းအဝေးနှင့် ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ဆေးကောင်စီ တတိယ လေးနှစ်သက်တမ်းကာလ ပထမအကြိမ် ဗဟိုကောင်စီ အစည်းအဝေးနှင့် ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများသို့ တက်ရောက် အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် မြန်မာနိုင်ငံသား ဆရာဝန်များကို အထွေထွေ ဆေးကုသမှုလိုင်စင်နှင့် အထူးကုလိုင်စင်များကို စနစ်တကျစိစစ်၍ မှတ်ပုံတင်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်း၊ မြန်မာနိုင်ငံရှိ ဆေးရုံများတွင် လာရောက်၍ဆေးကုသမှု လုပ်ငန်းဆောင်ရွက်ပေးမည့် နိုင်ငံခြားသား ဆရာဝန်များအတွက် သီးခြားသတ်မှတ် ဆေးကုသခွင့်လိုင်စင်များ စနစ်တကျစိစစ်၍ ထုတ်ပေးခြင်း၊ ပုဂ္ဂလိကဆေးရုံ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်သည့် ဆရာဝန်များကို ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိ/မရှိ စိစစ် ဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားသည့်ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်သည့် ဆေးရုံတိုင်း ဆရာဝန်ရှိစေရေးဆိုသည့် မူဝါဒနှင့်အညီ ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုအပ်သည့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိရာတွင် ယခုအခါ ဖွင့်လှစ်နိုင်သော မြို့နယ်ဆေးရုံများအားလုံးနှင့် တိုက်နယ်ဆေးရုံများ၏ ၉၀ ရာခိုင်နှုန်းကျော်တွင် ဆရာဝန်များ ခန့်အပ်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း လိုအပ်သည့် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များကို ဆက်လက် မွေးထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးကောင်စီ တတိယလေးနှစ်သက်တမ်းကာလအတွက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပြီး မြန်မာနိုင်ငံဆေးကောင်စီ တတိယ လေးနှစ်သက်တမ်းကာလ ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်မြို့၌ မီးခိုးမြူငွေ့ ညစ်ညမ်းမှုအန္တရာယ် အသိပညာပေး ဟောပြော

**ထားဝယ် ဇန်နဝါရီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဖွင့်လှစ်သော တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း(၁/၂၀၂၅)တွင် မီးခိုးမြူငွေ့ ညစ်ညမ်းမှုအန္တရာယ် စုပေါင်းကာကွယ် ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ထားဝယ်မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

**လက်ကမ်းစာစောင်များဖြန့်ဝေ**

ဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းက တောမီးလောင်ကျွမ်းခြင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာတို့ကို အသိပညာပေးဟောပြောပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းသား သင်တန်းသူများအား မီးခိုးမြူငွေ့ အကြောင်း သိကောင်းစရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

ဆက်လက်၍ တက်ရောက်လာသူများအား "မမြင်နိုင်သော လူသတ်သမား PM2.5 အကြောင်း သိကောင်းစရာ" အသိပညာပေး Video Clip ကို ပြသခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



☆ စာမျက်နှာ ၆ မှ

နိုင်ငံလွတ်လပ်ရေးအတွက် အသက်၊ ခန္ဓာများ ပေးဆပ်ခဲ့ကြသည်။ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးစေရန်၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရန် အသက်၊ သွေး၊ ချွေး၊ ဖွဲ၊ လုံ့လ၊ အားမာန်များဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် သူရဲကောင်းများအမြောက်အမြား ပေါ်ထွန်းခဲ့ပြီးဖြစ်သည်။ ၎င်းပုဂ္ဂိုလ်များကို ဂုဏ်ယူလေးစားတန်ဖိုးထားလျှင် နိုင်ငံချစ်စိတ်များ တိုးပွားလာမည်ဖြစ်သည်။

မိမိကိုယ်ကို ဆုံးမပဲ့ပြင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မိမိလူမျိုး၊ မိမိရပ်ရွာ နိုင်ငံအပေါ်တွင် ချစ်ခင်တွယ်တာမှု စသည့်စိတ်ဓာတ်များ တိုးပွားလာအောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် အတိတ်သမိုင်းက ကိုလိုနီနယ်ချဲ့စနစ်၏ သွေးခွဲအုပ်ချုပ်မှု စနစ်ဆိုးများကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြားသည့် အမွေဆိုးကိုရရှိခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ အိမ်ကြက်ချင်း အိုးမဲသုတ်ပေးမှု၊ သွေးခွဲမြှောက်ပင့် ထောက်ပံ့ပေးမှုများကြောင့် ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ရသည်။ လက်ရှိတွင် လက်နက်ကိုင်သောင်းကျန်းသူ ခေါင်းဆောင်များက ဖက်ဒရယ်အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးအမျိုးမျိုးပြပြီး လက်တွေ့တွင် ကိုယ်ကျိုးအတ္တကို အခြေခံသည့် လိုအင်ဆန္ဒသက်သက်နှင့် ပြည်ထောင်စုပြိုကွဲအောင် လက်နက်ကိုင်ပဋိပက္ခများ ဖန်တီးနေသည်ကို တွေ့မြင်နိုင်သည်။ မြန်မာအချင်းချင်းသွေးကွဲပြီး အသုံးချခံ၊ စတေးခံဖြစ်နေသည်ကို တွေ့မြင်နိုင်သည်။

**ကာကွယ်စောင့်ရှောက်**

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် အရေးကြီးသည့်အခါ သွေးနီးပြီး အရေးကြုံသည့်အခါ သွေးဆုံခဲ့ကြသည်။ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်း ဆွေမျိုးရင်းချာ စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကိုအရယူနိုင်ခဲ့ကြသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ထိန်းသိမ်းစောင့်ရှောက်ရေးတွင်လည်း အခြေခံအုတ်မြစ်ဖြစ်သည်။ ယနေ့မျိုးဆက်များသည် အတိတ်သမိုင်းကြောင်းတွင် မြန်မာတို့၏ထွန်းပြောင်မှုကို သိရှိမှ၊ တန်ဖိုးထားမှ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်တိုးပွားပြီး အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်မည်၊ တည်ဆောက်နိုင်သူများ ဖြစ်လာကြမည်ဖြစ်သည်။

ယနေ့ကာလ ကမ္ဘာ့ရေးရာအခြေအနေများမှာ လွန်စွာနက်နဲရှုပ်ထွေးလာနေသလို မြန်မာနိုင်ငံကိုလည်း ရိုက်ခတ်လျက်ရှိသဖြင့် နိုင်ငံသူ နိုင်ငံသားများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့်သာ ကာကွယ်နိုင်မည်ဖြစ်သည်။ **"နွားကွဲလျှင် ကျားဆွဲမည်"**ဟူသော စကားပုံအတိုင်း စည်းလုံးညီညွတ်မှုပျက်ပြားသည်နှင့် ရန်စွယ်အမျိုးမျိုးရောက်ရှိပြီး အန္တရာယ်ကျရောက်နိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသော မြန်မာနိုင်ငံအတွင်း အချင်းချင်း ညီညွတ်မှုမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရားကိန်းအောင်းစေရန် အနိုင်ကျင့် ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်မှုများသည် နိုင်ငံတော်ကို အင်အားချည့်နဲ့စေကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ထိပါးစေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

**ယုံကြည်စွာဝန်းရံ**

**အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်ကြရန် အရေးကြီးပါသည်။ မျိုးဆက်များအား မိမိတို့၏ နိုင်ငံတော်ကြီးကို အသက်ပေးကာကွယ်စောင့်ရှောက်ပေးခဲ့ကြသည့် ဘိုးဘေးဘီဘင်များအား တန်ဖိုးထားလေးစားစိတ်၊ စုပေါင်းလုပ်ဆောင်တတ်သည့်စိတ်နှင့် မိမိကိုယ်ကို အားကိုးတတ်သည့် စိတ်များရှိလာအောင် ပျိုးထောင်ပေးရန် လိုအပ်သည်။ ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးများ ရင်းနှီးပေးဆပ်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသော တရားသောစစ် အောင်မြင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်စွာဖြင့် ဝန်းရံကူညီပေးကြရန် လိုအပ်ပါသည်။**

မိမိတို့၏ ဘိုးဘေးဘီဘင်များ စွန့်လွှတ်စွန့်စားရယူပေးခဲ့ကြသည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးသည် ပြည်ထောင်စုဖွားအားလုံးတို့၏ မွေးရာပါတာဝန်ဖြစ်သောကြောင့် နိုင်ငံသူ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။

**❋ မိမိကိုယ်ကို ဆုံးမပဲ့ပြင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မိမိလူမျိုး၊ မိမိရပ်ရွာ နိုင်ငံအပေါ်တွင် ချစ်ခင်တွယ်တာမှု စသည့်စိတ်ဓာတ်များ တိုးပွားလာအောင် လုပ်ဆောင်ကြရမည်**

**❋ မျက်မှောက်ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ အိမ်ကြက်ချင်း အိုးမဲသုတ်ပေးမှု၊ သွေးခွဲမြှောက်ပင့် ထောက်ပံ့ပေးမှုများကြောင့် ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားခဲ့ရသည်။ လက်ရှိတွင် လက်နက်ကိုင်သောင်းကျန်းသူ ခေါင်းဆောင်များက ဖက်ဒရယ်အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးအမျိုးမျိုးပြပြီး လက်တွေ့တွင် ကိုယ်ကျိုးအတ္တကို အခြေခံသည့် လိုအင်ဆန္ဒသက်သက်နှင့် ပြည်ထောင်စုပြိုကွဲအောင် လက်နက်ကိုင်ပဋိပက္ခများ ဖန်တီးနေသည်ကို တွေ့မြင်နိုင်**

# တောင်ကြီးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၈**

ကျောင်းစာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေ လေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည် အသုံးချမျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် တောင်ကြီးမြို့ အမှတ် (၄) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည် နယ် ဝန်ကြီးချုပ် ဦးအောင်အောင် တို့ တက်ရောက်အားပေးကြ သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းလွင်ဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က တောင်ကြီးမြို့၌ ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ဦးစွာ ကျောင်းစာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရား သူကြီးချုပ် ဦးသန်းလွင်ဦး၊ လုံခြုံ ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ လူမှုရေးရာ ဝန်ကြီး ဦးမင်းမင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာ အဖွဲ့၊ ပန်းဖွားအဖွဲ့၊ မြန်မာ့သိုင်း သရုပ်ပြအဖွဲ့၊ Fitness Dance အဖွဲ့၊ ဦးရွှေရိုး ဒေါ်မိုးအကအဖွဲ့ နှင့် ကိန္နရီ ကိန္နရာ အကအဖွဲ့ တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ကာယ၊ ဉာဏပြိုင်ပွဲ များဖြစ်သည့် ရုပ်ပုံဆက်၊ စကားပုံ ဆက်၊ မြားပစ်၊ စက်ဝိုင်းလှည့်၊ ဂုန်နီအိတ်စွပ်၊ ဆန်ကောရွက်၊ ခုံဖိနပ်စီး၊ ခွက်နင်း၊ ခါးလှည့်ပြိုင်ပွဲ များနှင့် စာအုပ်အရောင်းဆိုင်တို့ ကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်တို့က ကျောင်းသား ကျောင်းသူများအား အာဟာရ ဒါနများ ပေးဝေ၍ကာ ကလေးငယ် များအား အမှတ်တရ အရုပ် လက်ဆောင်များ ပေးအပ်၍ ပညာ့ ဗိမာန် ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါ ကျောင်းမြသီရိခန်းမ၌ ကျင်းပရာ တောင်ကြီးမြို့ အမှတ်(၄)အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“အလှဆုံးပန်းများ ပွင့်ကြပြီ”** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **“နိုင်ငံအကျိုးအတွက် မှန်းမျှော် ရည် ခိုင်မာတိုးတက်စေရမည်”၊ “အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့် ရှောက်နေခြင်း ဖြစ်ပါသည်”** Video Clip တို့ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယနေ့ အချိန်တွင် လူတိုင်းလူတိုင်းက အသိပညာကို ရှာမှီးပြီး မိမိဘဝကို လှပစွာ ဖန်တီးလျက်ရှိကြပါ ကြောင်း၊ လူငယ်များအနေဖြင့် အသိပညာရှာမှီးပြီး မိမိတို့ဘဝ တိုးတက်စေရန်နှင့် နိုင်ငံကိုအကျိုး ပြုနိုင်ရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင် ရေးပွဲတော်များကို ကျင်းပပြီး လူငယ်များ စာပေဖတ်ရှု လာအောင် လှုံ့ဆော်ပေးနေသော် လည်း နောင်တွင် မည်သူမျှ လှုံ့ဆော်ရန်မလိုဘဲ မိမိအသိ စိတ်ဓာတ်ဖြင့် စာပေလေ့လာ ဖတ်ရှုကြရန် လိုအပ်ပါကြောင်း။

**ပြန်လည်ဆွေးနွေးမျှဝေ**

နိုင်ငံတော် အကြီးအကဲက စာပေလေ့လာဖတ်ရှုရန်၊ စာပေမှ ရရှိသော အသိပညာများကို မှတ်သားရန်နှင့် အခြားသူများကို လည်း ပြန်လည်ဆွေးနွေးမျှဝေကြ ရန် မှာကြားထားပါကြောင်း၊ စာကြည့်တိုက်များကို အသိပညာ များ သိုလှောင်ထားသည့် ပညာ ဘဏ်တိုက်များအဖြစ် ရှုမြင်ပြီး တန်ဖိုးထား ကြစေလိုကြောင်း၊ စာအုပ်/စာစောင် အဟောင်းများ ကို မဖတ်ရသေးပါက အသစ်ဟု သဘောထား၍ ဖတ်မှတ်လေ့လာ ကြရန်လိုအပ်ပါကြောင်း၊ စာမတတ် သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေ သည့် လူနှင့်တူကြောင်း၊ စာတတ် ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှ သာ လမ်းလျှောက်နေသည့် လူနှင့် တူသည်ဟု နိုင်ငံတော်အကြီးအကဲ က လမ်းညွှန်ထားသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာ ပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြ ရမည်ဖြစ်ကြောင်း၊ စာပေလေ့လာ ဖတ်ရှု၍ ရရှိလာသည့် အသိပညာ များဖြင့် မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများ ပညာ့ဗိမာန်ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုနေမှုကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက ရှမ်းပြည်နယ်အစိုးရ အဖွဲ့အတွက် DTH စလောင်း အစုံ ၁၀၀ နှင့် DVB T2 Set Top Box အလုံး ၁၀၀ အား ပေးအပ်လှူဒါန်းရာ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင် က လည်းကောင်း၊ တပ်နယ်များ အတွက် DTH စလောင်းအစုံ ၅၀ နှင့် DVB T2 Set Top Box အလုံး ၁၀၀ အား ပေးအပ်လှူဒါန်းရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးနိုင်လင်းက လည်းကောင်း၊ တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများအတွက် DTH စလောင်း ၁၅ လုံးအား ပေးအပ် လှူဒါန်းရာ ပြည်နယ်ပညာရေးမှူး တို့က လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီနာယက ပြည်နယ် ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင် ရေးလှုပ်ရှားမှုများကို နိုင်ငံတော် က အားပေးဆောင်ရွက်လျက်ရှိ သကဲ့သို့ စာကြည့်တိုက်အသစ် များ တည်ဆောက်ပေးလျက်ရှိပါ ကြောင်း၊ ရှမ်းပြည်နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် များ ကျင်းပလျက်ရှိရာ ယခု ပွဲတော်သည် (၁၃)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ခရိုင်နှင့် မြို့နယ်များတွင် စဉ်ဆက်မပြတ် ဆက်လက်ကျင်းပသွားမည် ဖြစ်ပါ ကြောင်း။

**စာမျက်နှာ ၉ သို့** ○





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများ Fitness Dance အဖွဲ့နှင့် မြန်မာ့သိုင်းသရုပ်ပြအဖွဲ့တို့၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

○ စာမျက်နှာ ၈ မှ

ယနေ့အချိန်တွင် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ဗဟုသုတပြည့်စုံကြွယ်ဝဖို့အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းမှာ စာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများပင် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်စေရေးနှင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့် ရင်ပေါင်တန်းကာ သာယာဝပြောသည့် လူ့ဘောင်အသိုက်အဝန်း တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသော လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်သဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းပေးအပ်သည်။

ယင်းနောက် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က အလှူရှင်များထံမှ စာအုပ်စာစောင်များနှင့် အလှူငွေများ လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ရှမ်းတိုင်းရင်းသားအက"** ဖြင့် လည်းကောင်း၊ **"ပအိုဝ်းတိုင်းရင်းသား အက"** ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြကာ အကအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ခင်းကျင်းပြသထားသော စာအုပ်နှင့်ဓာတ်ပုံပြပွဲ၊ သိပ္ပံပြခန်း၊ မူးယစ်ဆေးဝါး အသိပညာပေးပြခန်း၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တောင်ကြီးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ဦးစွာ **"တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်"** နှင့် **"အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်"** Video Clip တို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မသမာသူများက သတင်းတု၊ သတင်းမှား ထုတ်လွှင့်၍ ပြည်သူများအား အတွေးအမြင်လွဲမှားအောင် ဆောင်ရွက်နေကြပါကြောင်း၊ လူငယ်များအနေဖြင့် သတင်းမှားများကို မယုံကြည်ဘဲ မှန်ကန်စွာ ဝေဖန်ပိုင်းခြားတတ်ရန်လိုအပ်ကြောင်း၊ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်အတွက် အားကိုးအားထားရသည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်သဖြင့် စာပေဖတ်ရှုလေ့လာ၍ အသိအမြင်တိုးပွားအောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တောင်ကြီးမြို့ပေါ်ရှိ တက္ကသိုလ်များအတွက် DTH စလောင်း ၁၀ စုံ ပေးအပ်လှူဒါန်းရာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသီသင်က လက်ခံရယူပြီး ကျောင်းသား ကျောင်းသူများအား DTH စလောင်း ၁၀ စုံ နှင့် DVB T2 Set Top Box ၁၀ လုံးအား ကံစမ်းမဲဖောက်၍ လက်ဆောင်ပေးအပ်ကာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာကေသီသင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ခန်းမ၌ ပြုလုပ်သည့် MRTV DTH စလောင်းနှင့် DVB T2 Set Top Box ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့အချိန်တွင် မီဒီယာကို ကိုယ်ကျိုးစီးပွားအတွက် မလျော်မကန် အသုံးပြုနေကြကြောင်း၊ မီဒီယာများပေါ်တွင် အမှန်တရားနှင့်ကင်းလွတ်သည့် သတင်းများနှင့် ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်ဖော်ပြမှုများကြောင့် အကျိုးယုတ်လျက်ရှိပါကြောင်း၊ သတင်းတု၊ သတင်းမှားများ ချေဖျက်ရန်နှင့် သတင်းမှန်များ မှန်ကန်စွာ စီးဆင်းရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံအပေါ် သစ္စာစောင့်သိ၍ အဖျက်သမားများရန်မှ ကာကွယ် စောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးအတွက် DTH စလောင်း အစုံ ၁၀၀ နှင့် DVB T2 Set Top Box အလုံး ၅၀ တို့ အား ပေးအပ်လှူဒါန်းရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးကလည်းကောင်း၊ ပအိုဝ်းအမျိုးသားအသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အတွက် DTH စလောင်း အစုံ ၃၀ အား ပေးအပ်လှူဒါန်းရာ ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း လက်ခံရယူသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ပအိုဝ်းအမျိုးသားအသွင်ပြောင်း ပြည်သူ့စစ် (ဌာနေ) မှ ကိုယ်စားလှယ်တစ်ဦးက DTH စလောင်းများ ပေးအပ်ခြင်းအတွက် လည်းကောင်း ကျေးဇူးတင်စကားများ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့နှင့် အတူ အောင်သာယာ ကျေးရွာတွင် တည်ဆောက် ပြီးစီးနေသည့် အောင်သာယာ စာကြည့်တိုက် အဆောက်အအုံကို သွားရောက်ကြည့်ရှုကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကို အဆိုပါဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် မသိမဖြစ်သိရှိရမည့် ဥပဒေ၊ နည်းဥပဒေများကို လေ့လာမှတ်သားရမည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေများအပြင် ဆက်စပ်ဆောင်ရွက်ရသည့် အခြားသောဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေများကိုလည်း သိရှိလေ့လာရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ ရာထူး၊ နေရာအလိုက် စီမံခန့်ခွဲတတ်စေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန် လိုအပ်ကြောင်း၊ ယနေ့ဆွေးနွေးချက်များကို သေချာစွာ လေ့လာမှတ်သားပြီး လုပ်ငန်းတာဝန်နှင့် ဘဝအတွက် လိုအပ်သည့်ပညာရပ်များကို ဆက်လက်လေ့လာသွားကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး လက်ထောက်အတွင်းဝန် ဦးကီးလိန်းက "၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ" ကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်က "တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် တိုင်းရင်းသားရေးရာဆိုင်ရာ ပြဋ္ဌာန်းချက်များ"ကို လည်းကောင်း၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသန်းက "တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ အခွင့်အရေးများနှင့် နည်းဥပဒေများ" ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ MNL မှ

နှစ်ဂိုးပေးလိုက်ရသည့်အပြင် ဒုတိယပိုင်းတွင် တစ်ဂိုးသာပြန်သွင်းနိုင်သဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီယူနိုက်တက်အသင်းသည် လတ်ဝေဘုန်း၊ မောင်မောင်စိုး၊ ရန်နိုင်အောင်၊ အောင်မြတ်သူ၊ ဘိုဘိုအောင်တို့ဖြင့် လူစုံနီးပါး ပါဝင်ခဲ့သလို Dagon Port အသင်းမှာလည်း မျိုးဆက်ပိုင်၊ မျိုးမင်းလတ် (ဂိုး)၊ နောင်နောင်စိုးတို့ ပါဝင်ကစားခဲ့သည်။ ပထမပိုင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မိနစ် ၂၀ တွင် ဝိုင်းလု၊ ၃၆ မိနစ်တွင် မောင်မောင်စိုးတို့က ဂိုးများသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် Dagon Port အသင်းက ချေပဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ၈၈ မိနစ်မှသာ ချေပဂိုးတစ်ဂိုးပြန်ရခဲ့သဖြင့် သရေကျခွင့်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ Dagon Port အသင်းအတွက် ချေပဂိုးကို ၈၈ မိနစ်တွင် မျိုးဆက်ပိုင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီယူနိုက်တက်အသင်းမှ ဝိုင်းလုက ရရှိသည်။

ပွဲစဉ် (၁၇) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၄၉ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၄၀၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၈ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၇ မှတ်၊ ရတနာပုံအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၃ မှတ်၊ Dagon Port အသင်းက ၁၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၄ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ မြဝတီအသင်းက ငါးမှတ် ရရှိထားသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများလည်း ပါဝင်မည်ဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပါဝင်ကြမည့် MSME လုပ်ငန်းရှင်များအနေဖြင့် ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ပါဝင်ယှဉ်ပြိုင်သွားကြမည် ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲများကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ အသေးစားစက်မှုလက်မှုလုပ်ငန်း ဆုရွေးချယ်ရေးနှင့် ချီးမြှင့်ရေးဆပ်ကော်မတီအတွင်းရေးမှူး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းအေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည် -

**မေး။** ။ MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲမှာ ဘယ်လို MSME လုပ်ငန်းအမျိုးအစားတွေ ပါဝင်ယှဉ်ပြိုင်နိုင်တယ်ဆိုတာ အရင်ဆုံး ဖြေကြားပေးစေလိုပါတယ်။

**ဖြေ။** ။ MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲမှာ ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ပါဝင်ယှဉ်ပြိုင်သွားရမှာ ဖြစ်ပါတယ်။ အမျိုးအစားတွေကတော့ အသေးစားထုတ်ကုန်တွေ (Micro Enterprises)၊ အငယ်စားထုတ်ကုန်တွေ (Small Enterprises)၊ အလတ်စားထုတ်ကုန်တွေ (Medium Enterprises)၊ စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်း၊ လက်မှုထည်စတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းထုတ်ကုန်တွေ၊ ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်နဲ့ ပြည်နယ်/တိုင်းဒေသကြီး ၁၅ ခုက ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်တွေဆိုပြီးတော့ ပါဝင်မှာဖြစ်ပါတယ်။

**မေး။** ။ ဆုတွေကို ဘယ်လို ချီးမြှင့်သွားမယ်ဆိုတာ သိပါရစေ။

**ဖြေ။** ။ အသေးစား (Micro) ထုတ်ကုန်ဆု၊ အငယ်စား(Small)ထုတ်ကုန်ဆု၊ အလတ်စား(Medium) ထုတ်ကုန်ဆု၊ ကုန်ထုတ်သမဝါယမအသင်းတွေရဲ့ စွမ်းဆောင်ရည်ဆုတွေ ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယဆိုပြီး ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်း သတ်မှတ်ထားပါတယ်။ အသေးစားစက်မှုလက်မှု လုပ်ငန်းထုတ်ကုန်ဆုမှာတော့ စားသောက်ကုန် စံပြထုတ်ကုန်ဆု၊ လူသုံးကုန်စံပြထုတ်ကုန်ဆု၊ ရက်ကန်းစံပြထုတ်ကုန်ဆု၊ လက်မှုထည်စံပြထုတ်ကုန်ဆုဆိုပြီး လေးမျိုး သတ်မှတ်ထားပြီးတော့ တစ်မျိုးကို ငွေကျပ် ၁၅ သိန်း ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီအတွက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) တစ်ဆုစီ ရွေးချယ်သတ်မှတ်ပေးမှာ ဖြစ်ပြီးတော့ ငွေကျပ်သိန်း ၃၀ စီ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ စုစုပေါင်းဆု ၃၁ ဆုကို ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။

ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ဆုလက်မှတ်၊ ဆုတံဆိပ်(Trophy)ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဆုချီးမြှင့်ငွေတွေကို Digital Payment နဲ့ ချီးမြှင့်နိုင်ဖို့အတွက် Application ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ရေးဆွဲပေးလျက်ရှိပါတယ်။

**မေး။** ။ ဒီလိုဆုတွေ ချီးမြှင့်ပေးနိုင်ဖို့ ဆုရွေးချယ်ရေးအဖွဲ့တွေ ဘယ်လိုဖွဲ့စည်းဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။

**ဖြေ။** ။ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနဲ့ ဆုချီးမြှင့်ရေးဆပ်ကော်မတီကို အဖွဲ့ဝင် ၁၁ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်ထားပါတယ်။ ဒီအဖွဲ့မှာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီးတော့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ စက်မှုဝန်ကြီးဌာနတို့က အဖွဲ့ဝင်တွေအဖြစ် ပါဝင်ဆောင်ရွက်ပါမယ်။ ဒါ့အပြင် ဒိုင်ချုပ်တစ်ဖွဲ့နဲ့ ပြိုင်ပွဲအမျိုးအစားခြောက်မျိုးအတွက် အကဲဖြတ်ဒိုင်ခြောက်ဖွဲ့ဖွဲ့စည်းထားပါတယ်။ အစိုးရဌာနဆိုင်ရာတွေက ဘာသာရပ်ကျွမ်းကျင်သူတွေ ပါဝင်သလို ပုဂ္ဂလိကကဏ္ဍက MSME စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာကျွမ်းကျင်ပညာရှင်တွေ ပါဝင်တဲ့ ဒိုင်အဖွဲ့ခြောက်ဖွဲ့နဲ့ ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။** ။ ဆုရွေးချယ်မှုနဲ့ ပတ်သက်ပြီးတော့လည်းပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ။ ဆုရွေးချယ်မှု အနေနဲ့ ကုန်ထုတ်လုပ်မှု(Supply Chain)တစ်လျှောက် ပြည်တွင်းကကုန်ကြမ်းတွေ အသုံးပြုခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခြင်း၊ ဆန်းသစ်တီထွင်နိုင်ခြင်းနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အမယ်တွေ ထုတ်လုပ်နိုင်ခြင်း၊ ထုတ်ကုန်ရဲ့ အရည်အသွေးမှန်ကန်ခြင်း၊ သန့်ရှင်းသပ်ရပ်ခြင်း၊ အမှတ်တံဆိပ်နဲ့ ထုပ်ပိုးမှုကောင်းမွန်ခြင်း၊ ဈေးကွက်လိုအပ်ချက်ကိုက်ညီတဲ့ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်တွေ ထုတ်လုပ်နိုင်ခြင်းနဲ့ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ခြင်းစတဲ့ စံသတ်မှတ်ချက်တွေနဲ့ ရွေးချယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။** ။ ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လိုအထောက်အကူ ပြုနိုင်တယ်ဆိုတာ သိပါရစေ။

**ဖြေ။** ။ ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် ဒေသတွင်း MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေဖို့၊ တန်ဖိုးမြှင့်ထုတ်ကုန် အမယ်အသစ်တွေကို ပြည်တွင်းမှာ ပိုမိုသုံးစွဲနိုင်ဖို့၊ ပြည်ပကို ဈေးကွက်ချဲ့ထွင်နိုင်စေဖို့၊ ဒေသအလိုက် ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP) အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ဖို့၊ MSME တွေနဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေ ပိုမိုချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လာစေဖို့၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုတွေ ပေးအပ်နိုင်စေဖို့နဲ့ MSME လုပ်ငန်းတွေ ရေရှည်ရပ်တည်နိုင်စေဖို့ များစွာအထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

**မေး။** ။ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက် ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။

**ဖြေ။** ။ နိုင်ငံတကာမှာ MSME လုပ်ငန်းတွေက နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခန်းကဏ္ဍက ပါဝင်နေပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာရင် နိုင်ငံ့စီးပွားရေးလည်း အရှိန်အဟုန်နဲ့ တိုးတက်လာမှာဖြစ်ပါတယ်။



ဒေါ်ငြိမ်းအေး

ဒါကြောင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲကနေ ဒေသအသီးသီးကလုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုးပင်းကူညီမှု၊ ဈေးကွက်ပိုမိုချိတ်ဆက်နိုင်မှုတွေ ရရှိလာမှာဖြစ်ပြီး MSME လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးရဲ့ ရိုးရာဓလေ့ယဉ်ကျေးမှုတွေ၊ ဒေသဆိုင်ရာ ဗဟုသုတတွေ၊ အဆင့်မြင့်ထုတ်လုပ်လာတဲ့ ပြည်တွင်းတန်ဖိုးမြှင့် ထုတ်ကုန်တွေကို လာရောက်လေ့လာအားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ ။

**ဝင်းဝင်းမင်း၊ ဓာတ်ပုံ - ပြည့်စုံ**




ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး အမှာစကားပြောကြားစဉ်။






☆ **ကျော့ဖုံးမှ**

ဘီနင်အသင်း၊ ဘော့ဆွာနာအသင်း၊ အုပ်စု(E)မှာ အယ်လ်ဂျီးရီးယားအသင်း၊ ဘူကီနာဖာဆိုအသင်း၊ အီကွေတိုရီယယ်ဂီနီယာအသင်း၊ ဆူဒန်အသင်းတို့ တွေ့ဆုံနေတာ ဖြစ်ပါတယ်။

အာဖရိကတိုက်ရဲ့ အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကနေ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ ကျင်းပမှာဖြစ်ပြီး အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်မော်ရိုကိုအသင်းနဲ့ ကိုမိုရို့စ်အသင်းတို့ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် မော်ရိုကိုအသင်းက ဘောလုံးကွင်းလေးကွင်းမှာ ကျင်းပမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**ငွေကြယ်**

✶ **မြန်မာ့လက်ရွေးစင်မှ**

ဇန်နဝါရီ ၂၇ ရက်က ဆူခိုထိုင်းအသင်းနှင့် ကစားသည့် ထိုင်းလိဂ်ပြိုင်ပွဲတွင် အရန်လူစာရင်း၌ ပါဝင်ခဲ့သည်။ အဆိုပါထိုင်းထာနီအသင်းသည် မြန်မာ တိုက်စစ်မှူး အောင်သူကစားနေသည့်အသင်းဖြစ်ပြီး မြန်မာကစားသမားနှစ်ဦးကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စိုးမိုးကျော်သည် ၂၀၂၂ ခုနှစ်တွင် ပြည်ပကလပ်များသို့ စတင်သွားရောက်ကစားခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ထိုင်းလိဂ်-၂ ကလပ် ကာဆာဆတ်အသင်း၊ ၂၀၂၃-၂၀၂၄ ရာသီတွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်း၊ ၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားကလပ် Tiffy Army အသင်းတို့တွင် ကစားခဲ့သည်။

**ကိုညီလေး**

# ချဉ်ပေါင်လျှော်သီးနှံအကြောင်း သိကောင်းစရာများ

လွင်ပပအောင် (ဒု- လ/ထဦးစီးမှူး၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ)

**ချဉ်ပေါင်လျှော်သည် တစ်နှစ်ခံ သို့မဟုတ် နှစ်နှစ်ခံပင်မျိုးဖြစ်၍ အပင်အမြင့်တွင် တစ်မီတာခွဲမှ လေးမီတာခွဲအထိရှိပြီး အဖြူ၊ အဝါ၊ ခရမ်းနှင့် ခရမ်းအရင့်ရောင် ပန်းပွင့်ပါသည်။ မူရင်းဒေသများမှာ အာဖရိကနိုင်ငံ အန်ရီလာဒေသနှင့် ဆူဒန်နိုင်ငံ အနောက်ပိုင်းတို့ဖြစ်ပြီး ဘီစီ ၄၀၀၀ ခန့်မှစ၍ အိမ်သုံးပစ္စည်းများတွင် သုံးစွဲခဲ့ကြောင်း သိရှိရသည်။**



မြန်မာနိုင်ငံတွင် ချဉ်ပေါင်လျှော်ကို ၂၀၀၁ ခုနှစ်မှစတင်၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့ပါသည်။ မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် စိမ်ရေရှားပါးမှုကြောင့် ချဉ်ပေါင်လျှော် စိုက်ဧက ကျဆင်းလာခဲ့သော်လည်း ကမ္ဘာပေါ်တွင် ချဉ်ပေါင်လျှော် သီးနှံ၏ ဈေးကွက်ရရှိမှု၊ အသုံးဝင်မှု၊ အရေးပါမှုနှင့် အကျိုးကျေးဇူးများကို သိရှိလာသဖြင့် ယခုအခါ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိပါသည်။

ချဉ်ပေါင်လျှော်သည် ပူအိုက်စွတ်စိုသောရာသီဥတုတွင် ကောင်းစွာဖြစ်ထွန်း၍ နေပူတစ်လှည့် မိုးရွာတစ်လှည့် ရာသီဥတုကို နှစ်သက်သည်။ နေ့အလင်းရောင် ၁၃ နာရီရလျှင် ပင်ပိုင်းပိုမိုကြီးထွားသန်စွမ်းပြီး နေ့တာတိုလာသည့်စက်တင်ဘာလ ၁၅ ရက်နောက်ပိုင်းကာလတွင် ပွင့်/သီးသည်။ ရေလိုအပ်သည့်သီးနှံဖြစ်သော်လည်း အပင်ငယ်စဉ်တွင် ရေဝပ်ဒဏ်ခံနိုင်ရည်မရှိသဖြင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌ မိုးကြိုရာသီတွင် ရေတင်စိုက်ပျိုးခြင်းဖြစ်သည်။ မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သော်လည်း pH 5.5–6.5 အတွင်း သဲနုန်းမြေ၊ နုန်းမြေစေးတို့တွင် ပိုမိုစိုက်ပျိုးဖြစ်ထွန်းသည်။

ချဉ်ပေါင်လျှော်စိုက်ပျိုးရာတွင် စိုက်ပျိုးမည့်မြေကို ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက် ထယ်တစ်လှော်၊ ထွန်နှစ်လှော်ဖြင့် ပေါင်း၊ မြက်ကင်းစင်အောင် ဆောင်ရွက်ရပါမည်။ လျှော်ပင်အမြစ်များသည် ခုနစ်–ရှစ်လက်မအထိ နက်နက်ဆင်းနိုင်သည်။ ဖေဖော်ဝါရီလ နောက်ပိုင်းမှ ဧပြီလကုန်အထိ မိုးကြိုရေတင် စိုက်ပျိုးခြင်းနှင့် မေလမှ ဇွန်လလယ်အထိ စိုက်ပျိုးနိုင်ပါသည်။

မိုးကြိုရေတင်စိုက်ပျိုးသည့်အခါ နီးစပ်ရာ မြစ်ချောင်းအင်းအိုင်မှ ရေကို စိုက်ကွက်အတွင်းသို့ တင်သွင်းရာတွင် ပပ်ကြားကွဲအတွင်း စိမ့်ဝင်သွားစေပြီး မြေမျက်နှာပြင်ပေါ်သို့ အနည်းဆုံး ခြောက်–ရှစ်လက်မခန့်ရောက်အောင် သွင်းပေးရန်လိုအပ်ပြီး သဲနုန်းမြေဖြစ်ပါက စနယ်မြေထက်ပိုသွင်းပေးရသည်။ အထက်နှင့်အောက် အစိုဓာတ်ဆက်မိစေရန် သတိပြုရမည်။ ရေသွင်းမြေကို သုံး–လေးရက်ခန့် သို့မဟုတ် နွားနင်းခံနိုင်ပါက စတင်ထွန်ယက်နိုင်သည်။ တစ်ဧကလျှင် မျိုးစေ့နှုန်းထား လေးပြည်နှုန်းဖြစ်ပါသည်။ ချဉ်ပေါင်လျှော် တစ်ဧက စိုက်ပျိုးလျှင် မြေခံအဖြစ် ယူရီးယား ၅၆ ပေါင်၊ တီဆူပါ ၂၈ ပေါင်၊ ပိုတက်ရှ် ၂၈ ပေါင် ထည့်သွင်းပေးရမည်။ သဘာဝမြေသြဇာကို နွားချေးလှည်း ၅–၁၀ စီး ထည့်သွင်းပေးရမည်ဖြစ်ပြီး သစ်စိမ်းမြေသြဇာ အဖြစ် ပိုက်ဆံလျှော်ကို အသုံးပြုသင့်ပါသည်။

အတန်းလိုက်စိုက်ပျိုးပါက တန်းကြား ၁၂ လက်မ၊ ပင်ကြား သုံးလက်မ သို့မဟုတ် တန်းကြား ကိုးလက်မ၊ ပင်ကြား လေးလက်မဖြင့် လည်းကောင်း၊ ကြဲပက်စိုက်ပျိုးပါက တစ်ပင်နှင့်တစ်ပင် ခြောက်လက်မ ခြား၍သားခွဲပြီး တစ်ဧကအပင်ဦးရေ ၁၅၀၀၀၀ မှ ၁၈၀၀၀၀ အတွင်း ဝင်အောင် စိုက်ပျိုးရမည်ဖြစ်ပြီး မျိုးကြဲပြီးလျှင်ပြီးချင်း ကျမ်းဖုံးပေးရပါမည်။ ပေါင်းလိုက်လက်ကြားခွဲခြင်းကို အစိုဓာတ်လုံလောက်ချိန် အပင်သက်တမ်း ၁၅–၂၀ ရက်သားတွင် တစ်ကြိမ်၊ ၃၀–၄၅ ရက်သားတွင် တစ်ကြိမ် အနည်းဆုံးနှစ်ကြိမ် ပြုလုပ်ပေးရမည်။ ပေါင်းလိုက်လက်ကြားခွဲခြင်းပြုလုပ်ပြီးတိုင်း ယူရီးယားမြေသြဇာကျွေးပေးရမည်။ စိုက်ပျိုးပြီးနောက် မိုးမရွာမီအပင်လိုအပ်ချက်ကိုလိုက်၍ ရေထပ်မံသွင်းပေးရမည်။ ချဉ်ပေါင်လျှော်ကို စိုက်ပျိုးပြီး ၁၂၀–၁၃၅ ရက်သားရှိချိန် သို့မဟုတ် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် ခုတ်သိမ်းနိုင်ပြီး အပင်ခြေမှကပ်၍ ခုတ်သိမ်းနိုင်ပါသည်။

ချဉ်ပေါင်လျှော်ကို အတန်းလိုက်စိုက်ခြင်းအားဖြင့် မျိုးစေ့ကုန်ကျမှု၊ ဓာတ်မြေသြဇာကုန်ကျမှုသက်သာစေပြီး လေဝင်လေထွက်ကောင်း၍ အပင်သန်စွမ်းစေသည်။ ပေါင်းလိုက် လက်ကြားခွဲရန်လွယ်ကူ၍ ရိတ်သိမ်းရလွယ်ကူစေပါသည်။ ပင်စည်လုံးပတ်ညီညာပြီး ရေစိမ်ရာတွင် အနူးညီ၍ လျှော်ခွာရာ၌ လေလွင့်မှုနည်းပါးသည်။

ချဉ်ပေါင်လျှော်မျှင်ထုတ်လုပ်ခြင်းကို လုပ်ငန်းအဆင့်ဆင့် (လျှော်စိမ်ခြင်း၊ ဖောင်ဖွဲ့ခြင်း၊ လျှော်ခွာခြင်း၊ လျှော်ဆေးခြင်း၊ လျှော်လှန်းခြင်း၊ လျှော်သိမ်းခြင်း)ကို အောက်ပါအတိုင်း ဆောင်ရွက်ရပါသည် –

**လျှော်စိမ်ခြင်း**။ ခုတ်သိမ်းပြီး လျှော်ပင်များကို ထွာဆိုင်စည်းများစည်းပြီး အရွက်ခြွေရန် အရိုးပေါ်သို့ အရွက်များအုပ်၍ သုံး–ငါးရက်ထားရပါသည်။ အရွက်များကြွေ၍ နောက်သီးနှံအတွက် မြေသြဇာရစေသည်။ အရွက်ခြွေပြီး လျှော်စည်းများကို ရေစိမ်ကန်တွင် သုံး–လေးလွှာထပ်ရေစိမ်ပြီးလျှင် လျှော်ဖောင်များကို ရေအောက် ခြောက်လက်မနစ်မြုပ်စေရန် ဗေဒါ၊ ဒိုက်တို့ဖြင့် ဖုံးအုပ်၍ တုံးဖြင့်ဖိထားရမည်။ လျှော်စိမ်မည့်ရေကန်သည် အနည်းဆုံးအနက် လေးပေရှိရမည်။ ဖြည်းညင်းစွာစီးဆင်းနေသောရေသည် လျှော်စိမ်ရန် အကောင်းဆုံးဖြစ်ပါသည်။

**ဖောင်ဖွဲ့ခြင်း**။ ရေစိမ်ကန်၏ အကျယ်အဝန်းကိုလိုက်၍ တောင်သူ၏ကျွမ်းကျင်မှု၊ စီမံခန့်ခွဲမှုတို့ဖြင့် ဝါးဖောင်ထပ်နည်း၊ လက်ခမောင်းခတ်နည်းတို့ကို သုံးနိုင်သော်လည်း တစ်လွှာချင်း ဖောင်ဖွဲ့ရေစိမ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ လျှော်ဖောင်ကို နေရောင်တိုက်ရိုက်မထိစေရန်နှင့် အောက်ဆုံးအလွှာကို ရွှံ့ညွန်များဖြင့်မထိစေရန် ဂရုပြုရပါမည်။

**လျှော်ခွာခြင်း၊ လျှော်ဆေးခြင်း**။ လျှော်နူး၊ မနူးစမ်းသပ်သည့် တောင်သူနည်းမှာ အရင်းပိုင်းနူး၊ မနူးလက်ဖြင့် စမ်းသပ်ခြင်းဖြစ်၍ အပင်အသက်နှင့် ရေအပူချိန်ပေါ်မူတည်၍ ချဉ်ပေါင်လျှော်သည် ၁၀–၁၂ ရက်အတွင်းနူးသည်။ စိမ်ပြီး ၁၀ ရက်ခန့်မှစ၍ လျှော်နူး၊ မနူး နေ့စဉ်စမ်းသပ်ပြီး လျှော်နူးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းအပြီး ခွာရမည်။ ရေစိမ်ရက် မလိုစေရန်နှင့် မလွန်စေရန် သတိပြုရမည်။ ခွာယူပြီး လျှော်များကို ကြာရှည်စွာစုပုံမထားဘဲ ရေကြည်ရေသန့်တွင် ဆေးကြောသန့်စင်ရမည်။ အခေါက်အခွံနှင့် အမှိုက်သရိုက်များ ကင်းစင်အောင် ဆေးကြောရမည်။ အဝတ်လျှော်သကဲ့သို့ ရိုက်နှက်ဆောင့်ဖွပ်ခြင်း မပြုလုပ်ရပါ။

**လျှော်လှန်းခြင်း၊ လျှော်သိမ်းခြင်း**။ ဆေးကြောသန့်စင်ပြီးသော လျှော်များကို တန်းဖြင့်တင်၍ နေလှန်းရမည်။ မြေကြီးပေါ်သို့ချ၍ မလှန်းရပါ။ တစ်ဝက်တစ်ပျက် ခြောက်သွေ့သောလျှော်များကို မိုးရေမစိုစေရန် ဂရုစိုက်ရပါမည်။ ကောင်းစွာမခြောက်သွေ့သော လျှော်များကိုစည်းခြင်း၊ သိုလှောင်ခြင်းမပြုလုပ်ရပါ။ လုံးဝခြောက်သွေ့သော လျှော်များကိုသာ စည်းထုံး၍ အမိုးအကာအောက်သို့ သယ်ယူပြီး သိမ်းဆည်းရပါမည်။

ချဉ်ပေါင်လျှော်၏ အသုံးဝင်မှုများမှာ များစွာရှိသည်။ ၎င်းတို့မှာ–

- ချဉ်ပေါင်လျှော်နှင့် ပလတ်စတစ် အလေအလွင့်များရောစပ်ပြီး မော်တော်ယာဉ်အတွင်းပိုင်း အစိတ်အပိုင်းများပြုလုပ်ခြင်း၊ ကားထိုင်ခုံများတွင် အပူစုပ်သည့် ပလတ်စတစ်ရေမြှုပ်အစား အသုံးပြုခြင်း၊
- အပေါ်ယံမြေဆီလွှာ တိုက်စားပြုန်းတီးခြင်း (Soil erosion) ကို ကာကွယ်ပေးရန် (Geotextile) ထုတ်လုပ်အသုံးပြုခြင်း၊
- ဆီနှင့် ဓာတုဗေဒဖိတ်စဉ်မှုအတွက် သန့်စင်ပစ္စည်းထုတ်လုပ် အသုံးပြုခြင်း၊
- ချဉ်ပေါင်လျှော်ပျော့ဖတ်သည် သတင်းစာစက္ကူ ထုတ်လုပ်ရာတွင် အကောင်းဆုံးကုန်ကြမ်းဖြစ်၍ သစ်သားပျော့ဖတ်ထက် ကုန်ကျစရိတ်သက်သာခြင်း၊ သစ်သားပျော့ဖတ်နေရာတွင် အစားထိုးအသုံးပြုနိုင်သောကြောင့် သစ်တောပြုန်းတီးမှု (Deforestation)ကို လျော့နည်းစေနိုင်ခြင်း၊ ချဉ်ပေါင်လျှော်တွင် Lignin ပါဝင်မှုနည်းပါးသဖြင့် ပျော့ဖတ်ထုတ်လုပ်ရာတွင် Chemical အသုံးပြုမှုနည်းပါးခြင်း၊
- ချဉ်ပေါင်လျှော်အရွက်ကို တိရစ္ဆာန်အစာအဖြစ် သက်တမ်းလေးပတ်သားတွင် အသုံးပြုနိုင်ခြင်း၊
- ချဉ်ပေါင်လျှော်ဖြင့် တန်ဖိုးမြှင့်လက်မှုပစ္စည်းများလည်း ထုတ်လုပ်နိုင်ခြင်း၊ (လက်ကိုင်အိတ်အမျိုးမျိုး၊ ရေနွေးပန်းကန်အောက်ခံပြား အရွယ်အစားအမျိုးမျိုး၊ ဖိနပ်၊ ဦးထုပ်၊ ခန်းဆီးလိုက်ကာ စသော လူသုံးကုန်ပစ္စည်းများ အမျိုး ၇၀ ခန့်)

ထို့ကြောင့် ချဉ်ပေါင်လျှော်ကို မြန်မာနိုင်ငံဒေသများစွာတွင် စိုက်ပျိုးနိုင်ကာ ချဉ်ပေါင်လျှော်ပင်မှ ချဉ်ပေါင်လျှော်မျှင်၊ စက္ကူပျော့ဖတ်၊ လူသုံးကုန်ပစ္စည်းများနှင့် ချဉ်ပေါင်လျှော်အရွက်မှ တိရစ္ဆာန်အစားအစာ ထုတ်လုပ်နိုင်ပြီး ကမ္ဘာ့ဈေးကွက်တွင် အလားအလာကောင်းသော သီးနှံတစ်မျိုးဖြစ်ပါသည်။ ချဉ်ပေါင်လျှော်ကို စိုက်ပျိုးခြင်းအားဖြင့် သစ်တောပြုန်းတီးမှုကိုကာကွယ်နိုင်သည့်အပြင် လေထုမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို အခြားအပင်များထက် နှစ်ဆပိုမိုစုပ်ယူနိုင်သဖြင့် လေထုသန့်စင်စေကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုသီးနှံဖြစ်ပြီး စိုက်ပျိုးရန် လွယ်ကူသည့်သီးနှံ ဖြစ်ပါသည်။ ။

**❛ ချဉ်ပေါင်လျှော်ပင်မှ ချဉ်ပေါင်လျှော်မျှင်၊ စက္ကူပျော့ဖတ်၊ လူသုံးကုန်ပစ္စည်းများနှင့် ချဉ်ပေါင်လျှော်အရွက်မှ တိရစ္ဆာန်အစားအစာ ထုတ်လုပ်နိုင်ပြီး ကမ္ဘာ့ဈေးကွက်တွင် အလားအလာကောင်းသော သီးနှံတစ်မျိုး ဖြစ်ပါသည်။ ချဉ်ပေါင်လျှော်ကို စိုက်ပျိုးခြင်း အားဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင် သည့်အပြင် လေထုမှ ကာဗွန်ဒိုင်အောက်ဆိုက် ကို အခြားအပင်များထက် နှစ်ဆပိုမိုစုပ်ယူ နိုင်သဖြင့် လေထုသန့်စင်စေကာ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက် အကူပြု ❜**

# တပ်မတော်တွင် အဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု(ပထမနေ့)လုပ်ငန်း ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာ နှစ်ဦးဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့သည်။ အသည်းအစားထိုး ခွဲစိတ်ကုသမှုအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုး ခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာ ကိုးဦးနှင့် ၂၀၂၄ ခုနှစ်အတွင်း လူနာ ကိုးဦးတို့ကို အောင်မြင်စွာ ထပ်မံခွဲစိတ် ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခုအခါ အဋ္ဌမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုအား လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ တပ်ကြပ်ကြီး နေလင်းဦးနှင့် အသည်းအလှူရှင် ဆရာတော် ဥူးမာနိတတို့ကို ခွဲစိတ်ကုသခဲ့ခြင်း ဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၅ နာရီတွင် အသည်းလက်ခံ လူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ် ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူ အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊



ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။







အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၁ ဦး၊ ခွဲစိတ်ရောဂါ ၁၃ ဦး၊ သားဖွား/ မီးယပ်ရောဂါသုံးဦး၊ ကလေးရောဂါ ၁၈ ဦး၊ အရိုးရောဂါ ၂၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ခုနစ်ဦး၊ မျက်စိရောဂါ ၆၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက်လူနာ ကိုးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၃ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာလေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-

**အမျိုးသား**

ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာအုပ်စု ကုလားမကျေးရွာကနေ လာပြီးတော့ ပြတာပါ။ အတက်ရောဂါနဲ့ အာရုံကြောအားနည်းလို့ လာပြတာပါ။ အိပ်ရေးပျက်တာများတယ်။အလုပ်လုပ်တာပင်ပန်း/ ဖုန်းတွေကြည့်တာများရင်ဖြစ်တယ်။ ခဏခဏတော့မဖြစ်ပါဘူး။ တစ်လတစ်ကြိမ်လောက် ဖြစ်တယ်။ တစ်ကြိမ်ဖြစ်ရင်လည်း သုံးလေးခါလောက်ဖြစ်တယ်။ ဒီမှာတော့ အခကြေးငွေ မကုန်ဘူးပေါ့။ အခြား ဆေးရုံ/ဆေးခန်းတွေ သွားပြရင်တော့ အနည်းဆုံး ကျပ်နှစ်သောင်း၊ သုံးသောင်းလောက်ကုန်တယ်။ ဒီမှာတော့ တစ်ပြားမှ မကုန်ဘဲ လာပြရတာဆိုတော့ ကိုယ်လည်း အကျိုးကျေးဇူးရှိတယ်။ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အများအကျိုးအတွက် လာပြီး ကူညီဆောင်ရွက်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။

**အမျိုးသမီး**

သွေးဝမ်းသွားတာ လေးငါးခြောက်လ၊ ခုနစ်လလောက်ရှိပြီ။ ဗိုက်ထဲမှာလည်း အလုံးပေါ်လာတယ်။ ငွေရေးကြေးရေးအခက်အခဲရှိပါတယ်။ မောင်နှမ သုံးယောက် အပျိုကြီး လူပျိုကြီးတွေဆိုတော့ တော်ရုံတန်ရုံဆေးရုံ၊ ဆေးခန်း မရောက်ဘူး။ ဆင်းလည်းဆင်းရဲတော့ မပြနိုင်ဘူး။ အခုလိုအခမဲ့လာပြီးကုသပေးလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ အာထရာဆောင်းလည်း ရိုက်ပေးပါတယ်။ တကယ်စိတ်ရှည်လက်ရှည်နဲ့လုပ်ပေးရှာပါတယ်။ ဝန်ထမ်းအားလုံးနဲ့ ဆရာ ဆရာမ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

တစ်လေ့တည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား

## ရှန့်ကျိုး ၁၉ အာကာသယာဉ်မှူးများ အာကာသအတွင်းမှ တရုတ်နှစ်သစ်ကူးနွေဦးပွဲတော်ဆိုင်ရာ ဆုတောင်းစကားများ ပြောကြား

ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံ၏ ရှန့်ကျိုး ၁၉ အာကာသယာဉ်တွင် တာဝန်ထမ်းဆောင်နေသည့် အာကာသယာဉ်မှူးများဖြစ်သည့် ကိုင်ဇူဧး၊ ဆောင်လင်တုန်းနှင့် ဝမ်ဟိုဇီတို့သည် တရုတ်နှစ်သစ်ကူးနွေဦးပွဲတော်အတွက် ဆုတောင်းစကားများကို အာကာသအတွင်းရှိ တရုတ်တိုင်ဂေါင်အာကာသစခန်းမှ ပေးပို့ခဲ့ကြောင်း တရုတ်အာကာသအေဂျင်စီ၏ ရုပ်သံမှတ်တမ်းကို ကိုးကားဖော်ပြသည့် ယနေ့ဆင်ဟွာသတင်းအရ သိရသည်။




၎င်းအာကာသယာဉ်မှူးများသည် အပြာရောင်ပေါ်တွင် အနီရောင်ရိုးရာ တိမ်တိုက်ပုံစံများဖြင့် စီခြယ်ထားသော ဝတ်စုံကိုဝတ်ဆင်ထားကာ တရုတ်လူမျိုးများ၏ ကံကောင်းခြင်းဟု အဓိပ္ပါယ်ရသည့် ဖူအမည်ရှိ စာလုံးကို ကိုင်ဆောင်ထားသည်။

တရုတ်ရိုးရာ နှစ်သစ်ကူးအချိန်အခါတွင် မိသားစုဝင်များနှင့် သူငယ်ချင်းများကို သတိရနေကြောင်းနှင့် မြွေနှစ်ကျရောက်သည့် ယခုနှစ်တွင် ကံကောင်းခြင်းနှင့် ပျော်ရွှင်မှုများရရှိစေရန် ဆုတောင်းပါကြောင်း ရှန့်ကျိုး ၁၉ အာကာသယာဉ်ခေါင်းဆောင် ယာဉ်မှူးကိုင်ဇူဧးက ပြောကြားသည်။ ၎င်းသည် ၂၀၂၂ ခုနှစ် ကလည်း ရှန့်ကျိုး ၁၄ အာကာသယာဉ်တွင် အာကာသယာဉ်မှူးအဖြစ် လိုက်ပါတာဝန်ထမ်းဆောင်ခဲ့သည်။ ယခုကဲ့သို့ မိမိ၏အာကာသဆိုင်ရာအိမ်မက်ကို လက်တွေ့ဆောင်ရွက်ခွင့်ရရှိခဲ့သဖြင့် မိမိအတွက် ကံကောင်းကြောင်းနှင့် လူငယ်များအတွက်တောက်ပသည့် အနာဂတ်များရရှိစေရန် ဆုတောင်းမေတ္တာပို့သကြောင်း အာကာသယာဉ်မှူး ဆောင်လင်တုန်းက ပြောကြားသည်။ နှစ်သစ်တွင် လူတိုင်း၏ အိပ်မက်များအမှန်တကယ်ဖြစ်လာစေရေး ဆုတောင်းပါကြောင်း အာကာသယာဉ်မှူး ဝမ်ဟိုဇီက ပြောကြားသည်။ ၎င်းအာကာသယာဉ်မှူးများသည် ယမန်နှစ် အောက်တိုဘာ ၃၀ ရက်က အာကာသအတွင်းသို့ရောက်ရှိပြီး လက်ရှိအချိန်အထိ အာကာသဆိုင်ရာသုတေသနနှင့် အခြားလုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။

ယခုအာကာသအတွင်းကျင်းပသည့် တရုတ်နှစ်သစ်ကူးနွေဦးပွဲတော်သည် တတိယအကြိမ်ကျင်းပခြင်းဖြစ်ကာ ရှန့်ကျိုး ၁၅နှင့် ရှန့်ကျိုး ၁၇ အာကာသယာဉ်များတွင် တာဝန်ထမ်းဆောင်သည့် အာကာသယာဉ်မှူးများကလည်း တရုတ်နှစ်သစ်ကူးနွေဦးပွဲတော်ကို အာကာသအတွင်း ကျင်းပခဲ့ကြသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



## တောင်ကိုရီးယားလေယာဉ် မတော်တဆမှုဆိုင်ရာ ပဏာမအစီရင်ခံစာ ထုတ်ပြန်

ဆိုးလ် ဇန်နဝါရီ ၂၈

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့်လအတွင်းက ဖြစ်ပွားခဲ့သည့် တောင်ကိုရီးယားဂျယ်ဂျူလေကြောင်းလိုင်းမှ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်သည့် ပဏာမအစီရင်ခံစာကို တောင်ကိုရီးယားတာဝန်ရှိသူများက ထုတ်ပြန်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

၎င်းပဏာမအစီရင်ခံစာအား ဖြစ်စဉ်ပြန်လည်သုံးသပ်ဖော်ထုတ်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုသို့ တင်သွင်းမည်ဖြစ်သည်။

အဆိုပါလေယာဉ်သည် ယမန်နှစ် ဒီဇင်ဘာ ၂၉ ရက်က တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်းရှိ မူအန်းလေဆိပ်တွင် အရေးပေါ်ဆင်းသက်စဉ် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင်လိုက်ပါစီးနင်းလာသည့် ခရီးသည် ၁၇၉ ဦးသေဆုံးခဲ့သည်။ လေယာဉ်ပျက်ကျမှုမဖြစ်ပွားမီ လေးမိနစ်အလိုတွင် ပျံသန်းမှုမှတ်တမ်းတင်ကိရိယာ ပျက်စီးသွားခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးတာဝန်ရှိသူများက ပြောကြားသည်။

လေယာဉ်၏ တောင်ပံများကို ငှက်များက ဝင်တိုက်ခဲ့သဖြင့် လေယာဉ်၏ လျှပ်စစ်ဓာတ်အားပေးစနစ်ချို့ယွင်းကာ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာ ရပ်ဆိုင်းသွားခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ငှက်အမွေးနှင့် ငှက်သွေးများကို လေယာဉ်တောင်ပံအတွင်း တွေ့ရှိခဲ့ရသည်ဟု သိရသည်။

လေယာဉ်အား ပထမအကြိမ်အရေးပေါ်ဆင်းသက်ရန် ဆောင်ရွက်ခဲ့ရာ မအောင်မြင်သဖြင့် ဒုတိယအကြိမ်တွင် ကိုယ်ထည်နှင့် ရှပ်၍ ဆင်းသက်ရန်ကြိုးပမ်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများ ချို့ယွင်းသွားသဖြင့် ယခုမတော်တဆမှုအား အချက်အလက်ပြည့်စုံစွာသိရှိနိုင်ရေး စုံစမ်းစစ်ဆေးရန် ကာလအတန်ကြာ ဆောင်ရွက်ရဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

## အနောက်ဘက်ကမ်းတွင် အစ္စရေးတပ်မတော်က စစ်ဆင်ရေးများ ဆင်နွှဲနေသည်ဟု ပါလက်စတိုင်းသမ္မတ ပြောကြား

ဂျေရုဆလင် ဇန်နဝါရီ ၂၈

သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းတွင် အစ္စရေးတပ်မတော်က စစ်ဆင်ရေးများ ဆင်နွှဲနေသည်ဟု ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်က ယနေ့တွင် စွပ်စွဲပြောကြားခဲ့သည်။ မကြာသေးမီက တာကန်ဒေသကို တိုက်ခိုက်ခြင်းနှင့် ဂျီနင်းဒေသတွင် ဆောင်ရွက်သည့်စစ်ဆင်ရေးများအပါအဝင် အစ္စရေး၏ တိုက်ခိုက်မှုများကို ရှုတ်ချခဲ့သည်။ တာကန်ဒေသအနီးရှိ နောဂျန်ဒုက္ခသည်စခန်းအား အစ္စရေးက မောင်းသူမဲ့လေယာဉ်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့ရာ ဒေသခံနှစ်ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းအာဏာပိုင်များနှင့် မျက်မြင်သက်သေများက ပြောကြားသည်။

သေဆုံးသူများသည် ၎င်းတို့၏ အဖွဲ့ဝင်များဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ကတည်းက အနောက်ဘက်ကမ်းတွင် အကြမ်းဖက်မှုများ သိသိသာသာ မြင့်တက်လာခဲ့သည်။ ၎င်းတို့ဆောင်ရွက်သည့် စစ်ဆင်ရေးများသည် စစ်သွေးကြွများကို ပစ်မှတ်ထားကြောင်း အစ္စရေးက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



## ထိုင်းနိုင်ငံတွင် နည်းပညာအသုံးပြု ငွေကြေးလိမ်လည်သည့် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြင်ဆင်ချက်အတည်ပြု

ဗန်ကောက် ဇန်နဝါရီ ၂၈

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ဆက်သွယ်ရေးကွန်ရက်များတွင် နည်းပညာအသုံးပြု၍ ငွေကြေးနှင့်ကိုယ်ရေးအချက်အလက်များ လိမ်လည်ရယူသည့်မှုခင်းများတွင် ထိခိုက်နစ်နာသူများအတွက် တာဝန်ခံရန် ဘဏ်များ၊ ဆက်သွယ်ရေးအော်ပရေတာများနှင့် လူမှုမီဒီယာပလက်ဖောင်းများတွင် တာဝန်ရှိကြောင်း ဥပဒေပြင်ဆင်ချက်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်ဟု ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

၎င်းဥပဒေအရ နည်းပညာသုံးစွဲ၍ ငွေကြေးနှင့်ကိုယ်ရေးအချက်အလက်များ လိမ်လည်ရယူသည့်မှုခင်းများတွင် ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်မည်ဖြစ်ကာ နည်းပညာအသုံးပြု၍ ပြစ်မှုကျူးလွန်သည့် တရားခံများအား စုံစမ်းဖော်ထုတ်ရာတွင် တာဝန်ရှိသူများအား လုပ်ပိုင်ခွင့်ပိုမိုပေးအပ်မည်ဖြစ်ပြီး လိမ်လည်ခံရသည့် ငွေကြေးများအား နစ်နာသူများ ပြန်လည်ရရှိရေးဆောင်ရွက်မည်ဟု ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူ ဂျီရာယူဟောင်ဆက်က ပြောကြားသည်။

မကြာသေးမီက ကျင်းပခဲ့သည့် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးတွင် ဆိုက်ဘာရာဇဝတ်မှုနှင့် ဆိုရှယ်မီဒီယာလိမ်လည်မှု တိုက်ဖျက်ရေး ပူးတွဲကြိုးပမ်းမှုများကို ဦးစားပေးဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများအကြား သဘောတူညီခဲ့ကြသည်။

ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် လိမ်လည်မှုကျူးလွန်သည့် ဆက်သွယ်ရေးကွန်ရက်များကို နှိမ်နင်းရန်အတွက် အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## တောင်ကိုရီးယားနိုင်ငံအရှေ့တောင်ပိုင်း ဘူဆန်မြို့ရှိ နိုင်ငံတကာလေဆိပ်တစ်ခုတွင် လေယာဉ်မီးလောင်မှုဖြစ်ပွား

ဆိုးလ် ဇန်နဝါရီ ၂၈

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဘူဆန်မြို့ရှိ နိုင်ငံတကာလေဆိပ်တစ်ခုတွင် ခရီးသည်တင် လေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့ ကိုရီးယားတိုင်းစ် သတင်းဌာနသတင်းအရ သိရသည်။

ဆိုးလ်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၂၀ ခန့်အကွာ ဘူဆန်ရှိ ဂင်ဟေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဟောင်ကောင်သို့ ထွက်ခွာမည့် အဲဘူဆန်လေယာဉ်သည် ဒေသစံတော်ချိန် ယနေ့ည ၁၀နာရီခွဲခန့်တွင် ၎င်း၏ အမြီးပိုင်း၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မီးသတ်အာဏာပိုင်များက ပြောကြားသည်။

လေယာဉ်ပေါ်ရှိ ခရီးသည်အားလုံးကို ကယ်ထုတ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ မရှိကြောင်း သိရသည်။

ကိုးကား-ကိုရီးယားတိုင်းစ်
ဘာသာပြန်-စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ခဲသတ္တုများ၊ စက်လှေများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၈

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၅ ရက်တွင် ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၇၁၅၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၁၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ခြံကြီးစုရပ် သီရိမင်္ဂလာလမ်း အမှတ်(၇၈၉)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ ပေါင်မြို့နယ် ဇေတဝန်ရပ်ကွက် သံလွင်တံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda ADV-160 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၅၀၀၀၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လိုက်-ကလေးကားလမ်းအနီး၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၉၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေး ဂိတ်တို့၌ လိုင်စင်မဲ့ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့ အုန်းတောကမ်းကျေးရွာအုပ်စု ခိုကျွန်းအနီး၌ တရားမဝင် ခဲသတ္တု(အကြမ်း) ငါးပိဿာ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀)နှင့် တရားမဝင် ခဲသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည် စက်လှေငါးစင်းနှင့် ဆက်စပ်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၇၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၉၉ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၀၅၅၈၂၄ ကျပ်)ကိုသိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မာန်အောင်မြို့နယ် ကျီးချောင်းဝဆိပ်ကမ်းအနီး၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နွားမခြောက်ကောင် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၅ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၉၅၆၄၀၈၂၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၈

အမျိုးသမီးများကို တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် မူဆယ်မြို့ ပန်ခမ်းကျေးရွာနေ ဒေါ်သန်းနုရီ(ခ) ရခိုင်မနှင့် တရုတ်နိုင်ငံ ဟူနန်ပြည်နယ်နေ မမေသဇင်နိုင်(ခ)သဇင်တို့မှ ရှမ်းပြည်နယ် မူဆယ်မြို့နယ် ကောင်းမူးတုံ ရပ်ကွက်နေ မ------ ၃၀/၂၀၂၄ နှစ်နှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းကျေးရွာနေ မ----- ၂၁/၂၀၂၄ နှစ်တို့ နှစ်ဦးအား တရုတ်အမျိုးသားယူပါက ငွေကျပ်သိန်း ၁၀၀/ ၁၃၀ ရရှိမည်ဟု သွေးဆောင်စည်းရုံးခေါ်ဆောင်၍ တရုတ်အမျိုးသားထံပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မူဆယ်မြို့မရဲစခန်းက (ပ) ၂၁၉/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

မူဆယ်ခရိုင်တရားရုံးမှ ဇန်နဝါရီ ၂၇ ရက်တွင် တရားခံ ဒေါ်သန်းနုရီ (ခ) ရခိုင်မအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ မေသဇင်နိုင်(ခ) သဇင်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့်သည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြ အစီအစဉ် **'မွန်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ရွှေအိုးငွေအိုးမြှုပ်ပွဲ'**
- ၀၉:၃၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြတေး
- ၀၉:၄၅ ဆောင်းနှင်းဆက်ပွဲ တပို့တွဲပွဲတော်ထမနဲ
- ၁၀:၄၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြ အစီအစဉ် **'အပန်းဖြေခြင်းပြည် သဘာဝကျောက်ပန်းချီကမ်းခြေဆီ'**
- ၁၁:၃၅ ရှုခင်းစုံလင် အာဆီယံအစီအစဉ်
- ၁၂:၀၅ သီချင်းကြိုးပဒေသာ
- ၁၂:၃၀ MRTV National News
- ၁၄:၄၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြ အစီအစဉ် **'ရာမညမြေမှ အလှတရားများ'** (အပိုင်း-၁)
- ၁၅:၃၅ Weekly Soccer Preview
- ၁၆:၄၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြအက
- ၁၇:၀၅ ရွှေသို့ချိမည်ပန်းတိုင်ဆီ
- ၁၇:၂၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဝတ္ထုပြတေး
- ၁၇:၃၅ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြွယ်ဝရာစတာလာ'** (အပိုင်း-၆၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၃၀ **မွဲညရဲ့ဇာတ်ခုံ**(အပိုင်း-၁)

### mitv

- 07:01 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
- 07:08 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life
- 07:29 Wushu Kids & Their Limit (Ep-2)
- 07:41 Bagan Lacquerware
- 07:54 Local Talents Show (3)
- 08:01 News
- 08:26 Asia Updates; The Ship of the Desert
- 08:33 Nyaung Oo Phee Island
- 09:01 Wa Traditional Dance and Beauty
- 09:12 China - Myanmar Media Cooperation (Part - 2)
- 09:36 Clay Art On Canvas: Ricky Zachariah
- 10:01 News
- 10:26 The Struggles of Douro Valley Winegrowers; A Call for Change

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၄)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲလိန်းအင်တာဗျူး

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ချဉ်ပေါင်ဟင်းရည်ချက်နည်း

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
လည်ပတ်ချင်စရာချစ်ကျေးရွာ(အပိုင်း-၂)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဓလေ့ရိုးရာလက်မှုပညာမွန်ရိုးရာလက်ရက်ကန်း

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဈေးနေ့ဓလေ့

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝရိုးရာဝက်သားပဲနှပ်ဟင်းရည်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ SPORTS MAX
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ရုရှားနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အရိပ်တကြည့်ကြည့်'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'စစ်မှုထမ်းဥပဒေပကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'**
- ၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ကိုရီးယားနိုင်ငံ'** (အပိုင်း-၂)
- ၁၁:၃၀ ရွှေသို့ချိမည်ပန်းတိုင်ဆီ (အပိုင်း-၅၇)

### MRTV FARMERS' / H TV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ် **'မြန်မာ့စိုက်ပျိုးရေးနှင့်စက်မှုလယ်ယာကဏ္ဍ'**
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ 2023 Huge Vetebale Harvest
- ၁၈:၅၀ Day in the Life of a Small Farm
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ ညှို့(ဇာတ်လမ်း)
- ၂၂:၀၀ Hidden.Figures (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / H TV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ AFC Women Futsal Asian Cup (Vitenum Vs Myanmar)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့ညနေပိုင်းတွင် Hybrid စနစ်ဖြင့် ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများသုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံအတွက် ရေရှည်အကျိုးပြုမည့် EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့် ပြည့်စုံအောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်၊ ပြည်သူများ EV ကို အဆင်ပြေစွာ သုံးစွဲနိုင်အောင် လက်တွေ့ကျကျ အထောက်အကူပြုမည့် IT Application များ ဖွံ့ဖြိုးရေးအလေးပေး ဆောင်ရွက်ရန်၊ အိမ်စီး EV များအပြင် နှစ်ဘီး၊ သုံးဘီး EV များနှင့် လယ်ယာစိုက်ပျိုးရေးသုံး EV များ၊ ဆိုလာသုံး EV အားသွင်းစနစ်များ၊ EV Metrology နှင့် EV ဘက်ထရီသုတေသနများကို ပိုမိုထိရောက်ပီပြင်စွာ ဆောင်ရွက်ရန်၊ EV သင်တန်းများ၌ နည်းပညာလိုအပ်ချက်များနှင့် ကိုက်ညီအောင်နှင့် စံနှုန်းများအတိုင်း ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်ပေးရန်၊ EV စံချိန်စံညွှန်းနှင့် မူဝါဒများ သတ်မှတ်နိုင်ရေးအတွက် ဦးဆောင်ကော်မတီသို့ တင်ပြနိုင်ရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ EV ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေး နည်းပညာများနှင့် စွန့်ပစ်ဘက်ထရီစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများကို ပြည်သူများအပါအဝင် EV Stakeholders များ၏ လက်ဝယ်အရောက် ထိရောက်ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြော

**မရမ်းကုန်း ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက အလုံမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေး၊ တောမီးလောင်ကျွမ်းမှုထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောသည်။



အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဇော်မင်းက အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးသူက သစ်တောသယံဇာတများအား ထိန်းသိမ်းရန်၊ ရေသယံဇာတ ထိန်းသိမ်းရေး အကြောင်းအရာများ၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်းအား ကြည့်ရှုစစ်ဆေး

**ဇမ္ဗူသီရိ ဇန်နဝါရီ ၂၈**

နေပြည်တော် မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြတ်သီဟသည် ယမန်နေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံပြီး မီးဘေးလုံခြုံရေးလုပ်ငန်းများအား အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရန်မှာကြားကာ မီးငြိမ်းသတ်ယာဉ်များ ကြံ့ခိုင်မှု ရှိ၊ မရှိ၊ စခန်းသန့်ရှင်းသာယာ လှပရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား စစ်ဆေးကြည့်ရှုခဲ့သည်။

ထို့ပြင် မြို့နယ်အတွင်း ဈေး၊ စက်သုံးဆီ အရောင်းဆိုင်များအား မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်ထားရှိရေးတို့ကို လမ်းညွှန်မှာကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်က မြို့နယ်အတွင်း သင့် (၄) သင့်၊ မြန် (၃) မြန်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်သည့် ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်သည့် ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် ည ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် မူဆယ်မှ ရန်ကုန်သို့ မျိုးမင်းဦး(ခ)မဲကြီး မောင်းနှင်လာသည့် I ZONE ကုန်တင်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်၏ကိုယ်ထည်အတွင်း အံ့ဝှက်ပြုလုပ်သယ်ဆောင်လာသည့် ဒေသကာလ တန်ဖိုးငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ် ဆေးပြားများအား ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ရန်ကုန် တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ် အုမ္မတီးကျေးရွာရှိ နေအိမ် ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် အုမ္မတီးကျေးရွာရှိ ဒေသခံများ၏ နေအိမ် ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှု မရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို အသက်ပေးကာကွယ် စောင့်ရှောက်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို မငဲ့ကွက်ဘဲ ၎င်းတို့အား ထောက်ခံအားပေးမှု မရှိသည့် ကျေးရွာ၊ ရပ်ကွက်များအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက် မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာစာပေပညာရှင် စာရေးဆရာကြီး ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ) ကွယ်လွန်



**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာစာပေပညာရှင်၊ မြန်မာစာပေနှင့် ပတ်သက်သော စာအုပ်များ၊ သုတေသနစာတမ်းများ မြောက်မြားစွာ ရေးသားခဲ့သူ စာပေပညာရှင်ကြီး ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)သည် ဇန်နဝါရီ ၂၈ ရက် နံနက် ၀၀:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

စာပေပညာရှင် ဆရာကြီး မောင်ခင်မင်(ဓနုဖြူ) သည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနပါမောက္ခ ဟောင်း တစ်ဦးဖြစ်ပြီး မြန်မာစာပေနှင့် ပတ်သက်သော စာအုပ်စာစောင်များ၊ သုတေသနစာတမ်းများ မြောက်မြားစွာကို မကွယ်လွန်မီအထိ တစိုက်မတ်မတ် ရေးသားခဲ့သည့် စာပေပညာရှင်ကြီးဖြစ်သည်။

ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)ကို ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာ၌ ဦးရာမနှင့် ဒေါ်စောတင်တို့က ဖွားမြင်ခဲ့ပြီး အမည်ရင်းမှာ ဦးခင်အေးဖြစ်သည်။

၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့ မြူနီစီပယ်ပညာရေးအဖွဲ့ကစစ်ဆေးသော စတုတ္ထတန်းစာမေးပွဲကို ပထမအဆင့်မှ အောင်မြင်သည်။ ၁၉၅၇ ခုနှစ်တွင် သတ္တမတန်းနှင့်အလယ်တန်းပညာသင်ဆု (စကောလားရှစ်)စာမေးပွဲတွင် အမှတ်အများဆုံးဖြင့် အောင်သဖြင့် အလယ်တန်းပညာသင်ဆု (စကောလားရှစ်) ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ် အလယ်တန်းကျောင်းသား ဘဝကတည်းက စာနယ်ဇင်းများတွင် ဆောင်းပါးများစရေးသည်။ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာစာ၊ သင်္ချာဂုဏ်ထူးဖြင့် အောင်မြင်ပြီး တစ်ပြည်လုံး၌ မြန်မာစာအမှတ်အများဆုံး ရရှိခဲ့သည်။ ငွေတာရီရွှေတံဆိပ်ဆုနှင့် လှသမိန်ရွှေတံဆိပ်ဆုတို့ကိုပါ ချီးမြှင့်ခြင်းခံရသည့်အပြင် တက္ကသိုလ်ပညာသင်ဆုကိုပါ ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာအထွေထွေ ဂုဏ်ထူးဘွဲ့ကို ပထမတန်းဖြင့်အောင်မြင်ပြီး ၁၉၆၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့(ဂုဏ်ထူး) ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ်(၁၀၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည်။

ဆရာကြီးသည် ၁၉၆၃ ခုနှစ်တွင် ပုသိမ်ကောလိပ် မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခအဆင့်များဖြင့် ပုသိမ်ကောလိပ်၊ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ပြည်ဒီဂရီကောလိပ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် မြန်မာစာဧည့်ပါမောက္ခ(၁၉၉၇ – ၁၉၉၉) အထိ နှစ်နှစ် တာဝန်ထမ်းဆောင်သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနပါမောက္ခအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

အငြိမ်းစားယူပြီးနောက် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန တွဲဖက်ပါမောက္ခ(ပြင်ပပညာရှင်)၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်၊ ပါရဂူသင်တန်း ဦးစီးကော်မတီအဖွဲ့ဝင်စသည်ဖြင့် ထမ်းဆောင်ခဲ့ပြီး အမျိုးသားစာပေတစ်သက်တာဆု၊ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆု၊ သုတစွယ်စုံတစ်သက်တာစာပေဆု၊ ဆရာဝန်တင်ရွှေတစ်သက်တာစာပေဆု၊ အလင်္ကာကျော်စွာဘွဲ့တို့ကိုလည်း ရရှိခဲ့သည်။

ဆရာကြီးရေးသားခဲ့သော မြန်မာစာလုံးပေါင်းသတ်ပုံဆိုင်ရာ လူထုပညာပေးဆောင်းပါးများမှာ အထူးလူကြိုက်များသည်။ စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ၊ စကားပြေအဖွဲ့ပုံစံများနှင့် ဘာသာပြန်လေ့လာချက်၊ ရှုံးသုံးမြန်မာစာ၊ ပြည်သူ့အတွက် မြန်မာစကားပြေ၊ မြန်မာစာပေသမိုင်း (အခြေခံပညာအထက်တန်း စိတ်ကြိုက်မြန်မာစာ) (ဦးစောထွန်းနှင့်ပူးတွဲ)၊ မြန်မာစကား၊ မြန်မာစာရုပ်ပုံလွှာ၊ မြန်မာဘာသာစကားပညာရှင်များနှင့် ဘာသာစကားအမြင်၊ ကဗျာသဘောတရားနှင့် ကဗျာလေ့လာနည်း၊ မေတ္တာနှလုံးသားပုံရိပ်များ၊ စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း၊ စကားသမုဒ္ဒရာ–စာသမုဒ္ဒရာစသည့် စာအုပ်များအပြင် အခြားစာအုပ်ပေါင်းများစွာ ရေးသားခဲ့သည်။

ဆရာကြီးသည် ကွယ်လွန်ချိန်တွင် အသက် ၈၅ နှစ်ရှိပြီး ဆရာကြီး ကွယ်လွန်ခြင်းသည် မြန်မာစာပေလောကအတွက် အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုကြီးဖြစ်ပါသည်။

**ကြေးမုံ၊ ဓာတ်ပုံ – ရွှေနဒီ**

## ဟင်္သာတမြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဆောင်ရွက်

**ဟင်္သာတ ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယနေ့တွင် ဟင်္သာတမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၃၄၉ ကျောင်းတို့၌ KG ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၅၈၉ ဦးအား အာဟာရပြည့်ဝသော နေ့လယ်စာကျွေးမွေးခြင်းနှင့် နေ့လယ်စာစားပြီး သွားတိုက်ခြင်း အစီအစဉ်တို့ကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။



ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း ဒုတိယအကြိမ်ကို ဖေဖော်ဝါရီ ၃ ရက်တွင်လည်းကောင်း၊ တတိယအကြိမ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင်လည်းကောင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ယနေ့နံနက်တွင် အထက(၅)၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ်သို့ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး ဦးတိုးဝင်း၊ မြို့နယ်ပညာရေးမှူး ဦးထင်အောင်ကျော်နှင့် ပညာရေးဝန်ထမ်းများ၊ ခရိုင်မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သန္တာဦး ဦးဆောင်သော ခရိုင်နှင့်မြို့နယ် မိခင်နှင့် ကလေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေဖြူမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရေဖြူ ဇန်နဝါရီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် သစ်တောဦးစီးဌာနက ယနေ့နံနက် ၁၀ နာရီတွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်း (ရေဖြူ)၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ရေဖြူမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းအောင်က ကျောင်းသား ကျောင်းသူများအား တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေး နည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းအောင်က ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

ထို့နောက် ရေဖြူမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးမှု အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခတ္တာ(ပြန်/ဆက်)**



## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# လူငယ်နှင့် စာဖတ်ခြင်းအလေ့အကျင့်

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

**"စာအုပ်တစ်အုပ်သည် သင်ထပ်ကာထပ်ကာ ဖွင့်နိုင်သော လက်ဆောင်တစ်ခုဖြစ်သည်။"**

**(Garrison Keillor)**

စာဖတ်ခြင်းသည် အသက်ရှူသွင်းခြင်းနှင့် တူသည်။ စာရေးခြင်းသည် အသက်ရှူထုတ်ခြင်းနှင့် တူသည်။ စကားလုံးတစ်လုံးသည် သေးငယ်သော မှော်ပညာတစ်ခုဖြစ်ပြီး ကမ္ဘာကြီးကို ဖွင့်ပေးနိုင်သော စာလုံးပေါင်းတစ်ခုဖြစ်သည်။ စာအုပ်များသည် ထူးခြားစွာ သယ်ဆောင်ရလွယ်ကူသော မှော်ပညာတစ်ခုဖြစ်သည်။ စာများများဖတ်လေလေ အသိပညာ ဗဟုသုတကြွယ်ဝလေလေဖြစ်သည်။

စာဖတ်ခြင်းသည် လူငယ်များအား စာအုပ်များနှင့် အဆက်အသွယ်ရှိရုံမျှမက ကမ္ဘာကြီးကို ရှုမြင်တတ်လာစေမည်ဖြစ်သည်။ နေ့စဉ် အချိန်ရသမျှ စာဖတ်သောအလေ့အကျင့်ကိုရရှိစေရန် လူငယ်များကို ပြုစုပျိုးထောင်ပေးရန်လိုသည်။ မိဘများ၏ တိုက်တွန်းအားပေးမှု၊ ဆရာ ဆရာမများ၏ လမ်းညွှန်မှုများကို လူငယ်များ နားလည်သဘောပေါက်လာလျှင် စာဖတ်ခြင်းအလေ့အထကို မိမိကိုယ်တိုင် ပျိုးထောင်နိုင်မည်ဖြစ်သည်။ နေ့စဉ်စာဖတ်သော အလေ့အထမှသည် မိမိဖတ်သမျှ အသိပညာ အတွေးအခေါ်၊ စဉ်းစားချင့်ချိန်မှုတို့ကို ရရှိလာမည်ဖြစ်သည်။ လူငယ်များအနေဖြင့် စာဖတ်ခြင်းအလေ့အထကို မွေးမြူထားသည်ဟု ခံစားရသောအခါ မတူညီသော သုတ၊ ရသစာအုပ်အမျိုးအစားသို့ ရွှေ့ပြောင်းကာ မိမိတို့၏ စိတ်ဝင်စားမှုနယ်ပယ်ကို ချဲ့ထွင်နိုင်သည်။

ကျောင်းသားလူငယ်များသည် မူလတန်းကျောင်းစတက်သည့်မှစ၍ မြန်မာစာအပါအဝင် ကျောင်းသင်ခန်းစာကို လေ့လာသင်ယူ ဆည်းပူးကြရသည်။ ဤသည်မှာ စာဖတ်ခြင်း၏ ခရီးအစဖြစ်သည်။ သင်ယူလေ့လာခြင်းသည် စာဖတ်ရှိန်ကို မြှင့်တင်ပေးသည်။ ကျောင်းသင်ရိုးညွှန်းတမ်းများသည် ကျောင်းသားလူငယ်၏ အရွယ်၊ အတန်းအဆင့်၊ ဖတ်ရှုနိုင်မည့်အဆင့် စသည်တို့နှင့်ကိုက်ညီစွာ ပြုစုထားသည်ဖြစ်သည်။ ကျောင်းသင်ပညာရပ်များသည် စာမေးပွဲဖြေဆိုအောင်မြင်ရန်အတွက် ကျက်မှတ်ရသည်။ လူငယ်များသည် ကျောင်းသင်ဘာသာရပ်များအပြင် ပြင်ပဗဟုသုတ ရှာဖွေလိုသောအခါ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ဖတ်ရှုလေ့လာရန်လိုသည်။ ထို့ကြောင့် ကျောင်းတစ်ကျောင်းတွင် ဥပမိရုပ်ကောင်းရုံမျှမက ကျောင်းသားလူငယ်များ၏ အသိဉာဏ်ကို မြှင့်တင်ပေးနိုင်သော စာကြည့်တိုက်ရှိရန် လိုအပ်ပါသည်။ ကျောင်းစာကြည့်တိုက်များ အသက်ဝင်လှုပ်ရှားမှသာ လူငယ်များ၏ စာဖတ်ခြင်းအလေ့အထ တိုးတက်လာမည်ဖြစ်သည်။

လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပဗဟုသုတရသစာပေများ ဖတ်ရှုသော အလေ့အထရှိရန် လိုအပ်ပါသည်။ ဤသို့ဖြင့် လူငယ်များသည် ပိုမိုကောင်းမွန်သော၊ သိရှိရန်လိုအပ်သော အထွေထွေဗဟုသုတများ ရရှိလာမည်။ မတူညီသော ယဉ်ကျေးမှုများကို ပိုမိုကျယ်ပြန့်စွာ နားလည်လာမည်။

ကောင်းမွန်သော စာဖတ်ခြင်းအလေ့အထများသည် ဘာသာစကားရယူမှု၊ နားလည်နိုင်စွမ်းနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု အပါအဝင် သိမြင်နိုင်စွမ်းကို မြှင့်တင်ပေးသည်။ လူငယ်များအနေဖြင့် စာဖတ်ခြင်း၏ အရေးပါမှုကို သိရှိလေလေ စာဖတ်ခြင်းအလေ့အထကို ပျိုးထောင်လေလေဖြစ်သည်။ စင်စစ် စာဖတ်ခြင်းသည် မှတ်ဉာဏ်ကို တိုးတက်စေသော တစ်သက်တာကျွမ်းကျင်မှုတစ်ရပ်ဖြစ်သည်။ စာဖတ်များလေလေ ဝေါဟာရကြွယ်ဝလေလေဖြစ်သည်။ စာဖတ်ခြင်းအလေ့အထက အသိပညာ၏ အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးသည်။ စာဖတ်ခြင်း၏အကျိုးကို စစ်စစ်မှန်မှန်၊ နက်နက်နဲနဲ နားလည်လာလျှင် မိမိတို့၏ ဘဝခရီးအတွက် အတွေးအခေါ်များကို မှန်ကန်စွာအသုံးပြုနိုင်မည်။ အမှားနှင့်အမှန်ကို ခွဲခြားသိမြင်လာမည်ဖြစ်သည်။

ဤတွင် လူငယ်များသိသင့်သော၊ အလွန်ထိရောက်သော စာဖတ်သူများ၏ အလေ့အကျင့်ခုနစ်ချက်ကို အတုယူနိုင်စေရန် တင်ပြလိုပါသည်။ ပထမအချက်မှာ ကြိုတင်အသိဉာဏ်ဖြင့် အသက်သွင်းခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ဇာတ်ကြောင်းပြန်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းဆိုင်ရာ စာသားတည်ဆောက်ပုံများကို အသုံးပြုခြင်းဖြစ်သည်။ တတိယအချက်မှာ မြင်ကွင်းသဖွယ်မြင်ယောင်ခြင်းဖြစ်သည်။ စတုတ္ထအချက်မှာ ဝေါဟာရ၊ ဝါကျတို့၏ အဓိပ္ပာယ်ရင်းမြစ်တို့ကို လေ့လာမှုနှင့် ထုတ်ဖော်အသုံးပြုမှုတို့ဖြစ်သည်။ ပဉ္စမအချက်မှာ ပြန်လည်ပြောပြခြင်း၊ အနှစ်ချုပ်ခြင်းနှင့် ပေါင်းစပ်ခြင်းတို့ဖြစ်သည်။

ဆဋ္ဌမအချက်မှာ ချိတ်ဆက်မှုများကို ပြုလုပ်ခြင်းဖြစ်သည်။ နောက်ဆုံးအချက်မှာ မေးခွန်းထုတ်ခြင်းနှင့် ဖြေဆိုခြင်းတို့ဖြစ်သည်။ စာဖတ်ခြင်းအလေ့အကျင့် ရင့်ကျက်လာစေရန် အထက်ဖော်ပြပါ အလေ့အကျင့်တစ်ခုစီပေါ်တွင် အာရုံစိုက်ခြင်းဖြင့် မိမိကိုယ်ကို ပျိုးထောင်သင့်သည်။

ကျွန်တော်တို့ကလေးဘဝတွင် ကာတွန်းများ ဖတ်ခဲ့ကြသည်။ ကျောင်းသင်ဘာသာရပ်များ ကျက်ရဖန်များ၍ ငြီးငွေ့လာသောအခါ ပြင်ပစာပေများ ဖတ်လာကြသည်။ သုတ၊ ရသစာပေများကို ဖတ်လာကြသည်။ ကျွန်တော်မှတ်မိသေးသည်။ ကျွန်တော် ကိုးတန်းအရွယ်တွင် ကျွန်တော့်အစ်ကိုကြီး၏ စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ကောက်ကိုင်မိရင်း ဖတ်မိသောစာအုပ်မှာ စာရေးဆရာ သိန်းဖေမြင့်၏ "အရှေ့က နေဝန်းထွက်သည့်ပမာ"ဖြစ်သည်။ ကျွန်တော်ဖတ်ရင်း ဖတ်ရင်းနှင့် လက်ကမချချင်အောင် စွဲသွားသည်။ သည့်နောက် စာရေးဆရာ မောင်သာရ၏ ဝတ္ထုများကို ဖတ်လာမိသည်။ စာဖတ်ခြင်းအနုအရင့်ပေါ် မူတည်၍ မိမိဖတ်ချင်သော စာအုပ်များကို ဖတ်ချင်သည်မှာ လူ့သဘာဝပင်ဖြစ်သည်။ မည်သည့်စာအုပ်ကိုဖတ်ဖတ် စာအုပ်က ပေးသော အသိပညာ၊ စဉ်းစားတွေးခေါ်မှု၊ အသိတရား၊ Message တစ်ခုခုရလျှင် ဖတ်ရကျိုးနပ်ပေမည်။

စာဖတ်ခြင်းဆိုင်ရာ ပညာရှင်တို့ အတွေးအခေါ်များက မှတ်သားဖွယ်ကောင်းလှသည်။ "စာဖတ်သူသည် မသေဆုံးမီ အသက်တစ်ထောင် အသက်ရှင်သည်"ဟု Jojen ကဆိုသည်။ လူ့ဘဝရှင်သန်မှုတွင် စာဖတ်ခြင်းအလေ့အထရှိရန်၊ လူပီသရန် အရေးကြီးသည်။ သည်အတွေးအခေါ်က ဘဝ၏အဓိပ္ပာယ်ကို ပိုမိုလေးနက်စေသည်။

တစ်ဖန် Gorge RR Martin ဆိုသူကလည်း **"စာမဖတ်ဖူးသောသူသည် တစ်ဦးတည်းသာ အသက်ရှင်သည်။"** တချို့က စီးပွားရေးအလုပ်များသာ လုပ်ကိုင်ပြီး စာမဖတ်ကြချေ။ စာမဖတ်သဖြင့် အမြင်မကျယ်တော့ချေ။ စာများနှင့်ဆက်ဆံဖို့၊ ကမ္ဘာကြီးနှင့် ထိတွေ့ဖို့ စာဖတ်ရန်လိုအပ်ကြောင်း ဖော်ညွှန်းသည်။ Toni Morrison ၏ အတွေးအခေါ်က တစ်မူထူးခြားနေပြန်သည်။

**"စာအုပ်များသည် နိုင်ငံရေးလုပ်ဆောင်မှုပုံစံတစ်ခုဖြစ်သည်။ စာအုပ်များသည် ဗဟုသုတများဖြစ်သည်။**

**စာအုပ်များသည် ရောင်ပြန်ဟပ်မှုဖြစ်သည်။ စာအုပ်များသည် သင့်စိတ်ကို ပြောင်းလဲစေပါသည်။"**

ဤတွင် စာရေးသူနှင့်ခင်မင်သော တပည့်တစ်ဦး ကပြောသည်။

"ဆရာရယ်၊ ဆရာမြသန်းတင့်ရဲ့ ခါးတောင်ကို ကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဝတ္ထုကို ဖတ်ရတာ စိတ်ဝင်စားဖို့ ကောင်းလိုက်တာ၊ ကျွန်တော့်ဘဝအတွက် အားမာန်တွေဖြစ်လာတယ်ဆရာ"

စာဖတ်ခြင်းအလေ့အထသည် လူငယ်များကို အတွေးအခေါ် ရင့်သန်လာစေမည်ဖြစ်သည်။ စာဖတ်ရှိန်ကို တစ်နေ့ထက်တစ်နေ့ မြှင့်တက်ရန် ကြိုးစားရမည်။ သုတ၊ ရသစာပေကို ဖတ်ရှုရမည်ဖြစ်သည်။ ဥပမာ နာမည်ကြီးရသစာပေဆိုင်ရာ ဝတ္ထုတစ်အုပ်ကိုဖတ်လျှင် ထိုစာရေးဆရာပေးသော Message အတွေးအမြင်ကို ခံစားနားလည်လာမည်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ Haruld Mura Kami က ဤသို့ဆိုသည်။

**"သူများတွေဖတ်နေတဲ့ စာအုပ်တွေကိုသာဖတ်ရင် တခြားသူတွေ တွေးနေတာတွေကိုပဲ တွေးလို့ရတယ်။"**

စာဖတ်ခြင်းသည် အသိပညာရင့်သန်စေပြီး ပညာရှိဖြစ်စေမည်ဟု ဖော်ညွှန်းသော Jack Canfield ၏ အတွေးအမြင်က ထူးထူးခြားခြား ဖော်ပြထားပြန်သည်။

**"တကယ်တော့ မင်းကိုပညာရှိစေမယ့်အရာ နှစ်ခုရှိတယ်။ မင်းဖတ်တဲ့စာအုပ်တွေနဲ့ မင်းတွေ့တဲ့ လူတွေ"**

လူ့ဘဝတွင် လူအများနှင့် ပေါင်းသင်းဆက်ဆံရာမှ အတွေ့အကြုံများရမည်။ ထိုသူများ၏ မှတ်သားဖွယ်အတွေးအခေါ်များသည် အသိပညာ အလိမ္မာထွန်းကားလာမည်ဖြစ်သည်။ ထို့ပြင် မိမိဖတ်သော စာအုပ်များသည်လည်း အသိအလိမ္မာကို ရရှိစေမည်ဖြစ်သည်။ "အလိမ္မာ စာမှာရှိ" ဆိုစကားကဲ့သို့ပင်ဖြစ်သည်။

ကမ္ဘာတစ်ခွင်ရှုမြင်ကြည့်ရန် စာအုပ်များဖတ်ရမည်သာဖြစ်သည်။ မိမိနိုင်ငံအကြောင်းသာမက ကမ္ဘာကြီးတွင် လက်ရှိဖြစ်နေသော ဖြစ်ရပ်များ၊ တစ်နေ့ပြီးတစ်နေ့ ပြောင်းလဲဖြစ်ပေါ်နေသော ဖြစ်ရပ်များစွာရှိသည်။ ယင်းနှင့်ပတ်သက်၍ Jearette Winters on က ဤသို့ဖော်ညွှန်းထားပြန်သည်။

**"စာအုပ်တွေနဲ့တံခါးတွေက အတူတူပါပဲ။**

**အဲဒါတွေကို သင်ဖွင့်ပြီး တခြားကမ္ဘာကို ဖြတ်သန်းသွားပါ"**

လူငယ်များတွင် အသစ်အသစ်များကို စူးစမ်းလေ့လာလိုသော သဘာဝရှိသည်။ စာဖတ်ခြင်းအလေ့အထ ရင့်ကျက်လာလျှင် စူးစမ်းမိချင်စိတ်များ ပိုမိုကျယ်ပြန့်လာနိုင်သည်။ သည်အခါ အတွေးအခေါ်များ ပြောင်းလဲလာမည်။

ထို့ကြောင့် Aaron Suartz ဆိုသူက ဤသို့ဆိုသည်။

**"စူးစမ်းချင်စိတ်ရှိပါ။ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ပါ။ အသစ်သောအရာတွေကို စမ်းကြည့်ပါ။ လူတွေက အသိဉာဏ်လို့ခေါ်တဲ့ စူးစမ်းချင်စိတ်ကနေ ဆူပွက်လာပါတယ်။"**


စင်စစ်လူငယ်များအနေဖြင့် ကျောင်းသားဘဝကစ၍ ကျောင်းသင်ဘာသာရပ်အပြင် ပြင်ပဗဟုသုတများ ရှာဖွေရန် စာအုပ်များဖတ်ခြင်းအလေ့အထကို မြှင့်တင်ရန်လိုသည်။ လူငယ်များအနေဖြင့် မည်သည့်စာပေ(သုတ၊ ရသ)ကိုမဆို ဖတ်ပါ။ ဖတ်ရင်းနှင့် အကောင်းအဆိုးကို ခွဲခြားလေ့လာနိုင်မည်ဖြစ်သည်။ ဘဝသရုပ်ဖော်ဝတ္ထုများကို ဖတ်လျှင် ခေတ်စနစ်၏ ပုံရိပ်များကို နားလည်ခံစားသုံးသပ်လာနိုင်မည်ဖြစ်သည်။ **"သင်က စာအုပ်တွေကို လုံလုံလောက်လောက်ချစ်ရင် စာအုပ်တွေက သင့်ကို ပြန်ချစ်လိမ့်မယ်"**ဟု Jo Walton က ဆိုသည်။ စာအုပ်မရှိသောအိမ်သည် ပြတင်းပေါက်မရှိသော အခန်းနှင့်တူသည်။ မိဘများက သားသမီးများကို စာအုပ်ဖတ်စေခြင်းဖြင့် ပြုစုပျိုးထောင်ပေးရန် လိုသည်။ ဆရာများကလည်း ကျောင်းစာကြည့်တိုက်များသို့ ကျောင်းသားလူငယ်များ ပိုမိုဝင်ရောက်လာပြီး လေ့လာလိုစိတ်၊ ဖတ်ရှုလိုစိတ်များ ရှင်သန်လာအောင် ပျိုးထောင်ပေးရမည်ဖြစ်သည်။ ဤသို့ဖြင့် လူငယ်များ၏ စာဖတ်ခြင်းအလေ့အထ ရှင်သန်တိုးတက်အောင် ပြုစုပျိုးထောင်ဖို့ လိုအပ်လှပေသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ

"ကြက်တွေ ဘာကြောင့် လမ်းဖြတ်ကူးကြတာလဲ"

"ဘာကြောင့်လဲဆိုတော့ မြေအောက်ဥမင်လိုဏ်ခေါင်းက ပိတ်ထားတာ ကိုးဗျ…"







မျက်နှာသုတ်ပဝါရောင်းသူတစ်ယောက်ဟာ အဘွားအိုတစ်ယောက်ရဲ့အိမ်ထဲကို ကပျာကယာ ဝင်လာပြီး သူမက စကားတစ်ခွန်းမှ မပြောနိုင်ခင် ဖုံထုပ်ကို ကြမ်းပြင်ပေါ် အကုန်သွန်ချလိုက်ပြီးမှ ပြောလိုက်တယ်။

"ဂုဏ်သရေရှိ အမျိုးသမီးခင်ဗျာ… ဟောဒီ ဖုံသုတ်အသစ်ဟာ ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ခင်ဗျားကို သက်သေပြဖို့ပဲ။ တကယ်လို့ အဲဒါဟာ ဖုံတွေအားလုံးကို စင်အောင် မလုပ်နိုင်ဘူးဆိုရင် အဲဒါကို ကျွန်တော် စားပစ်မယ်"

"ကောင်းပြီလေ၊ ကဲ စားသာစားပေတော့ ကျွန်မမှာ လျှပ်စစ်မီးမှ မရှိဘဲရှင့်"

## သက်ဆိုင်သူများသိရှိနိုင်ရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ပုဂံလမ်း၊ မြေကွက်အမှတ်(၁၂၆၀-ခ)၊ အလျား(၆၅)ပေ၊ အနံ(၂၁)ပေ၊ ဧရိယာ(၀.၀၃၁)၊ (စတုရန်းပေ-၁၃၆၅)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို နှစ်(၆၀)ဂရန်အမည်ပေါက်ဖြစ်သူ ဦးတင်ဝင်း[၁၂/လမန(နိုင်)၀၆၇၈၀၆](ဘ) ဦးချူမောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်ခိုင်ခိုင်စိုး [၁၂/တမန(နိုင်)၁၀၀၄၄၄]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ယနေ့ထိတိုင်နေထိုင်ခဲ့ပါသည်။ အဆိုပါနေအိမ်ခြံမြေနှင့်ပတ်သက်၍ မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးပါရန် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် (၇)ရက်ပြည့်မြောက်သည့်ရက်အထိတိုင် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ (LL.B, D.B.L, D.I.L, I.D.C.S, EDFM**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား(၃)လမ်း၊ အမှတ်(၆၀၆)နေ ဦးဇော်မင်းစိုး [၁၂/လမန(နိုင်)၀၀၀၇၅၈] နှင့် ဒေါ်အေးမင်းမင်းမြတ် [၁၂/ဒဂမ(နိုင်)၀၀၆၀၆၈] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဇော်မင်းစိုးနှင့် ဒေါ်အေးမင်းမင်းမြတ်တို့၏ သမီးဖြစ်သူ မအိရွှေစင်အေး [၁၂/ဒဂမ(နိုင်)၀၃၆၇၉၄]သည် ဖခင်နှင့် မိခင်တို့၏ ဆိုဆုံးမှုကို လိုက်နာခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူလုပ်ဆောင်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော လူမှုရေးအရှုပ်အရှင်း၊ ငွေကြေးအရှုပ်အရှင်း အခြားမည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## အများသိစေရန်ကြေညာခြင်း

ဦးအောင်နိုင်ထွန်း (ဘ) ဦးထွန်းနိုင် မှတ်ပုံတင်အမှတ် [၉/မရမ(နိုင်)၀၀၅၆၀၅]နှင့် ဒေါ်ရင်မေ(ဘ) ဦးရန်တေလုံ မှတ်ပုံတင်အမှတ် [၁၃/လရန(နိုင်)၁၂၄၇၈၆] တို့သည် လွန်ခဲ့သော(၁၃)နှစ်ဝန်းကျင်က နှစ်ဦးသဘောတူလက်ထပ်ထိမ်းမြားခဲ့ပြီးနောက် (၂၈-၄-၂၀၂၃)ရက်နေ့တွင် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသဖြင့် အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ တရားဝင်အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပါသည်။ ထို့ကြောင့် ဦးအောင်နိုင်ထွန်းနှင့် ဒေါ်ရင်မေတို့သည် ကွာရှင်းပြတ်စဲသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်းနှင့် တရားဝင်ကွာရှင်းကြပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်ဖြူဖြူလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၇၈၈/၃၀-၁၁-၂၀၂၃)**
**တိုက်အမှတ် (L-9)၊ အခန်း (04)၊ သုခတော်ဝင်အိမ်ရာ၊ ဗဟန်းသီရိမြို့နယ်။**
**ဖုန်း-၀၉-၇၈၉၄၄၄၄၈၄**

## သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဗောဓိညောင်ပင်လမ်းသွယ်လမ်း၊ အမှတ်-၄-၂၂/ခ နေ ဦးထွန်းဝင်းလှ [၁၂/အစန(နိုင်)၀၈၉၄၂၅]+(ဒေါ်စန်းစန်းဦး)တို့၏ သမီးဖြစ်သူ မစမ်းထက်ထက်လှ [၁၂/အစန(နိုင်) ၁၉၅၅၁၂] နှင့် သားဖြစ်သူ မောင်အောင်ဖြိုးမြတ် [၁၂/အစန(နိုင်)၂၂၈၀၃၅] တို့သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား ရိုင်းစိုင်းစွာပြောဆိုဆက်ဆံခြင်း၊ ဂုဏ်သိက္ခာကျဆင်းပြီး အရှက်ရအောင် ပြုမူဆောင်ရွက်ခြင်းများ ပြုလုပ်၍ မိဘများ၏နေအိမ်မှ ၎င်း၏သဘောဆန္ဒအလျောက် ထွက်သွားသည်မှာ ယနေ့အထိတိုင်ဖြစ်ပါသည်။ ထို့ကြောင့် မစမ်းထက်ထက်လှနှင့် မောင်အောင်ဖြိုးမြတ်တို့အား ဤကြော်ငြာပါသည့်နေ့မှစပြီး သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်သည့်အပြင် ၎င်းတို့၏လူမှုရေးအရှုပ်အရှင်း၊ ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာကိစ္စအရပ်ရပ်တို့သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထွန်းဝင်းလှနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။)**

**ဦးထွန်းဝင်းလှ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နွယ်ထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၇၃၅)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၂၃၃၄၈၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ တိုက်အမှတ်(၇၁)ရှိ တိုက်အား မျက်နှာမူကြည့်လျှင် (ညာဘက်ခြမ်း)၊ (၁၀)လွှာမြောက်အခန်း၊ ဟောင်ကောင်ပုံစံထပ်လွှာ တိုက်ခန်း ဧရိယာ အကျယ်အဝန်း ($၁၂\frac{၁}{၂}$x၅၀)ပေရှိ တိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဝါဝါသန်း [၅/ရဘန(နိုင်)၀၀၉၄၃၃]က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေဖြိုးအောင် [၁၂/မရက(နိုင်)၁၃၇၁၅၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန့်အိဆုမွန် (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၄၉၄၀၁)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၉၇၁၇၃၅၃၇၈**

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဘဏ္ဍာသိမ်းသံရည်ကျိုအပ်နှံမည့် မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်/ယန္တရား(၅၃၇)စီးအား ဖြတ်တောက်၊ သယ်ယူပို့ဆောင်၊ အပ်နှံပေးနိုင်မည့် ကုမ္ပဏီ/အဖွဲ့များအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

၂။ (က) တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၃၀-၁-၂၀၂၅
(ခ) တင်ဒါပိတ်မည့်ရက် - ၁၅-၂-၂၀၂၅

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်-

**အုပ်ချုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၅၄၅၁၊ ၀၆၇-၃၄၀၅၃၄၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)၊ Grade (10)အနီခန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်ကုဋ္ဌေနှင့် Grade (5) ခတ္တာခန်းတွင် ပညာသင်ကြားနေသော မောင်သုခကုဋ္ဌေတို့၏ ဖခင်မှာ ဦးမျိုးမြင့်ထွန်း [၁၂/မဘန(နိုင်)၁၄၉၁၈၃]ကိုင်ဆောင်သူ(ခ)ဦးရဲနိုင်လင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး တရားလွှတ်တော်ရှေ့နေ(စဥ်-၂၈၉၈/၄-၁၂-၁၉၈၄)**
**တိုက်-၉/၁၁၊ အခန်း(၁၀၃)ပထပ်(စီ)၊ ၃၆-လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၀၂၂၈၉၂၊ ၀၉-၄၄၃၀၂၁၈၂၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ် (၁၀၄)၊ အလျား ၄၀' x အနံ ၆၀' အကျယ်အဝန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးရွှေငွေး အမည်ပေါက်မြေချပါမစ်မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဦးစန်းလင်းမောင် [၉/ညဥန(နိုင်)၁၇၆၅၄၉]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းမြအေး (LLB,D.B.L)**
**အထက်တန်းရှေ့နေ (စဥ်-၃၀၂၈၅)**
**အမှတ် (၁၁၇၇)၊ အောင်ဇေယျလမ်း၊ (၅၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။**
**ဖုန်း - ၀၉-၇၈၀၀၄၁၄၉၉**

## မချယ်ရီမေ(ခ)မသန္တာစိုးအား သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၄)လမ်း(အရှေ့)၊ အမှတ် (၁၇၅)(ပထမထပ်)နေ ဦးဇော်ဝင်း [၁၂/လမတ(နိုင်)၀၂၁၅၀၅]နှင့် ဒေါ်အေးအေးမြင့် [၁၂/သကတ(နိုင်)၁၂၈၁၈၇]တို့၏ သမီးဖြစ်သူ မချယ်ရီမေ(ခ)မသန္တာစိုး [၁၂/သကတ(နိုင်)၂၁၅၀၇၆]သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၂၅-၁-၂၀၂၅ ရက်နေ့တွင် မိမိသဘောဖြင့် မိမိနေအိမ်ပေါ်မှထွက်ခွာသွားပါသဖြင့် မချယ်ရီမေ(ခ)မသန္တာစိုးအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များသည် ကျွန်ုပ်၏မိတ်ဆွေတို့နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း မချယ်ရီမေ(ခ)မသန္တာစိုးနှင့်တကွ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

**ဦးဇော်ဝင်း [၁၂/လမတ(နိုင်)၀၂၁၅၀၅]နှင့်**
**ဒေါ်အေးအေးမြင့် [၁၂/သကတ(နိုင်)၁၂၈၁၈၇] တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညွန့်ဟေမာသိန်း LL.B, DL-101 (WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၁၉၀)**
**အမှတ်(၁၄)၊ (၆)လွှာ၊ အောင်မင်္ဂလာလမ်း၊**
**ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-267211563**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၀)၊ ဈေးချို၊ ဦးပိုင်အမှတ်(၈/င)၊ ဧရိယာ (၀.၀၁၃)ကေရှိ ဘိုးဘွားပိုင်မြေကွက်သည် ဒေါ်ကျင်လွမ်၊ မတင်ကြည်အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ မတင်ကြည်ထံမှ ဒေါ်ကျင်လွမ်သည် ၁၉၉၁ ခုနှစ်တွင် အောက်ခြေစာချုပ်ဖြင့် ဝယ်ယူထားပြီး အဘိုးအဘွားများဖြစ်သော ဦးအင်ဂါနှင့် ဒေါ်ကျင်လွမ်ကွယ်လွန်ပြီး သမီးဖြစ်သူ ဒေါ်တင်အေးမှ အမွေဆက်ခံခဲ့ပါသည်။ ဒေါ်တင်အေးကွယ်လွန်သွားသောအခါ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်အေးမြင့်မှ အမွေဆက်ခံပြီး ဒေါ်ခင်အေးမြင့်ထံမှ ဒေါ်ရှုတွမ်သည် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်အမှတ်-၂၈၄/၂၀၀၅ ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် ဤရုံးသို့ တင်ပြလျှောက်ထားလာပါသဖြင့် ၎င်း၏လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရရှိပါက ဒေါ်ရှုတွမ်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ မြေကွက်အမှတ်-၁၊ ဧရိယာ(၁.၀၈၆)ဧက၊မြေကွက်တည်နေရာအမှတ်-၆၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်(ဒေါ်ရွှေတင်)အမည်ပေါက်သည့် မြေပိုင်မြေကွက်၏တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီးအတွင်းမှ မြေဧရိယာ(၀.၀၂၈)ဧက၊ (၂၅x၅၀)ပေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူနှင်းဝေမှ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန်အတွက် ကမာရွတ်မြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ်-၁၀/၂၀၂၄ (၂၆-၁၁-၂၀၂၄)ဖြင့် တရားလို ဒေါ်ဖြူနှင်းဝေ(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသက်ပိုင်)က တရားပြိုင် ဒေါ်ရွှေတင်၊ ဒေါ်ညွန့်ရင်၊ ဒေါ်စန်းကြည်၊ ဒေါ်ခင်သောင်း၊ ဒေါ်နန်းကောင်ခမ်းတို့အပေါ် တရားစွဲဆိုခဲ့ရာ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့ပြီးဖြစ်၍ တရားရှုံးများ(ကိုယ်စား) တရားမဇာရီမှုအမှတ်-၈/၂၀၂၄(၁၉-၁၂-၂၀၂၄) ဖြင့်ရရှိသူ ဘီလစ် ဒေါ်သန္တာတင် [၁၂/သကတ(နိုင်)၁၂၃၆၇၀] မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ကမာရွတ်မြို့နယ်တရားရုံး၏ (၂၀-၁၂-၂၀၂၄) ရက်စွဲပါ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# ကမ္ဘာ့
# အပူချိန်
# လျှော့ချဖို့
# အိုဇုန်းလွှာ
# ကာကွယ်မှုနဲ့
# အတူ
# ဆက်လက်
# ဆောင်ရွက်စို့

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းအမှတ်(၃/မာန်ပြေ)ရပ်ကွက်၊ မြင်တော်သာလမ်း၊ မြေကွက်အမှတ်(၂၇၉)တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက်အဆောက်အဦရှိ ဆဌမထပ်၊ (၇)လွှာ၊ (ညာဘက်ခြမ်း)၊ အကျယ်အဝန်း အလျားxအနံ (၁၉ပေx၅၄ပေ)ရှိ တိုက်ခန်းအပါအဝင်၊ ၎င်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသော ဦးကျော်မင်းအောင် [၁၂/ဗဟန(နိုင်)၁၀၀၀၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိသဉ္ဇာဝင်းနိုင် [၁၂/ကမတ(နိုင်)၀၇၄၇၆၅]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၂/၁၀)နေ ဒေါ်နှင်းလဲ့ဝေ (ဘ) ဦးအောင်မိုးမြင့် [၁၂/ဥကတ(နိုင်)၂၀၂၀၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

မှတ်ပုံတင်အမှတ်-အစ၁၂(၂၉၁၂၉)

**လုပ်ငန်းမှတ်ပုံတင်အမှတ်-အစ ၁၂ (၂၉၁၂၉)**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းလဲ့ဝေသည် အထက်ဖော်ပြပါ နတ်သမီးလုပ်ငန်းတံဆိပ်ကို တစ်ဦးတည်းမှုပိုင်လုပ်ငန်းအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး၏ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်အမှတ်-အစ ၁၂ (၂၉၁၂၉)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် နတ်သမီး သဘာဝအဆီကျ ရောက်ယို၊ စားသောက်ရေးဆိုင်ရာလုပ်ငန်းကို ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းလဲ့ဝေ ပိုင် နတ်သမီးအမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်စိတ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ တင်ယောင်ထင်မှားတုပသုံးစွဲ၍ လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းလဲ့ဝေ၏ အကျိုးစီးပွားကို နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း၊ ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်နှင်းလဲ့ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၃၅၈၉၄)**
**အမှတ်-၁၄၆/ဘီ၊ မုဒိတာအိမ်ရာ-၁၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ (ဃ/၁၈)ရပ်ကွက်၊ ဒေါ်ဖွားရှင်လမ်းသွယ်လမ်း၊ အမှတ်(၃၆၄/က) နေ ဦးခင်မောင်မြင့် [၁၄/ညတန(နိုင်)၀၇၈၀၆၈]နှင့် (ဒေါ်မြင့်မြင့်ဦး) တို့၏ သားသမီးများဖြစ်သည့် မနွယ်နွယ်ဦး [၃/ဘအန(နိုင်)၁၃၄၃၉၈]၊ မောင်စိုးလင်းနိုင် [၁၄/ညတန(နိုင်)၁၁၉၅၄၇]နှင့် မလဲ့ဝတ်ရည် [၁၄/ညတန(နိုင်)၁၄၆၄၁၇]တို့သည် ဖခင်ဖြစ်သူ ဦးခင်မောင်မြင့်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား ရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံခြင်း၊ ဂုဏ်သိက္ခာကျဆင်းပြီး အရှက်ရအောင် ပြုမူဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ဖခင်ဖြစ်သူ ဦးခင်မောင်မြင့် ကျန်းမာရေးမကောင်းမွန်သည့်အချိန်တွင်လည်း ပြုစုစောင့်ရှောက်ခြင်းမျိုး ပြုလုပ်ခြင်းမပြုသည့်အပြင် ဖခင်အားစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် ရည်ရွယ်သည့်စကားများ ပြောဆိုဆောင်ရွက်ခြင်းများအား အမြဲတစေပြုလုပ်သဖြင့် ဖခင်ဖြစ်သူ ဦးခင်မောင်မြင့်မှာ များစွာကိုယ်စိတ်နှလုံး ဆင်းရဲပင်ပန်းဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် မနွယ်နွယ်ဦး၊ မောင်စိုးလင်းနိုင်နှင့် မလဲ့ဝတ်ရည်တို့အား ဤကြော်ငြာပါသည့်နေ့မှစပြီး သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်သည့်အပြင် ၎င်းတို့၏ လူမှုရေးအရှုပ်အရှင်း၊ ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာ ကိစ္စအရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်မြင့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။)

**ဦးခင်မောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၃၄၁၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

